သိပ္ပဋ္ဌ ဓေတံ မင်္ဂလ မုတ္တမံ၊ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၀)

ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပ ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမဟာမုနိပုံတော်ပွား ဂန္ဓကုဋိတိုက်အတွင်းရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်၏ ကိုယ်ပွားဆင်းတုတော်အား ရောင်တော်ဖွင့်ပူဇော်စဉ်။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လှည့်လည် အပူဇော်ခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ရတနာစိန်ဖူးတော်များ၊ ငှက်မြတ်နားတော်များနှင့် ရွှေထီးတော်တို့ကို ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များအား လက်ယာရစ်လှည့်လည် အပူဇော်ခံစဉ်။
(သတင်းစဉ်)

မင်္ဂလာဒုံဥယျာဉ်မြို့တော်မြို့ဦးရှိ ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင်ဓာတ်ပေါင်းစုံစေတီတော်များ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်အထွတ်တင်လှူပူဇော်

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင်တည်ထားကိုးကွယ်တော်မူသော ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တင်လှူပူဇော်သည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် ရန်ကုန်တိုင်း သံဃနာယကဆရာတော်များ

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၈ ရက်)

တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ့စွမ်းအားစု အမျိုးသမီးထု အမျိုးသားရေးစွမ်းအားစု ဖြစ်ထွန်းလာရေးစွမ်းဆောင်

၂၀၀၄ ခုနှစ် မတ်လ ၈ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ အမျိုးသားရေးစွမ်းအားစုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်လျက်ရှိရာတွင် အမျိုးသမီးစွမ်းအားစုများ အင်တိုက်အားတိုက်ပါဝင်လာနိုင်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာမှ လုပ်ငန်းများ ပိုမိုကျယ်ပြန့်နက်ရှိုင်းထိရောက်စွာ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို နိုင်ငံတော်က တိုးမြှင့်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြစ်သော–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**
- **အမျိုးသမီးများ၏စီးပွားရေး၊ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊**
- **အမျိုးသမီးများ၏အခွင့်အရေးများကို တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ ထုံးစံနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်**

ဟူသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထူထောင်ပေးထားခြင်းဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် ထိုက်တန်သည့်နေရာက အမြဲထာဝရ ရှုပ်ရှုပ်ချွံချွံ ပါဝင်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြသော မြန်မာအမျိုးသမီးထုကြီး၏ စိတ်ဓာတ်စွမ်းပကားနှင့် အစဉ်အလာကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် တန်ဖိုးထား အလေးအမြတ်ပြုလျက်ရှိသည်။ ထို့ကြောင့်ပင် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၌ ထိုက်တန်သည့်အခန်း ကဏ္ဍက ပါဝင်စွမ်းဆောင်နိုင်ရေးတို့အတွက် အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို စနစ်တကျဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျ အားပေးစီမံဆောင်ရွက်လျက်ရှိသည်နှင့်အညီ အမျိုးသမီးထုကြီး၏ ပင်ကိုရှိရင်းစွဲ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုစိတ်ဓာတ်၊ တိုင်းကျိုးပြည်ဆောင် လူမှုရေးစိတ်ဓာတ်တို့ ပိုမိုထက်သန်မြင့်မားလာသည်နှင့်အမျှ အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများပေါ်ထွန်းလာခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူဦးရေ ၅၃ သန်းကျော်တွင် အမျိုးသမီးများသည် ၂၇ သန်းခန့် ပါဝင်ပြီး အရွယ်ရောက် လုပ်ရှားနိုင်သည့် ပမာဏသည် ၁၅ သန်းခန့်ရှိသည့်အတွက် အလွန်ကြီးမားကျယ်ပြန့်သော အမျိုးသားရေးအရင်းအမြစ်ကြီး တစ်ရပ်ဖြစ်ပေသည်။

ယင်းကဲ့သို့ ကြီးမားကျယ်ပြန့်သော အရင်းအမြစ်တစ်ရပ်ဖြစ်သည့်အပြင် သမိုင်းအစဉ်အဆက်တွင် စွမ်းရည်ထက်မြက်ခိုင်မာပြီး အမျိုးသားရေးအကျိုးစီးပွားကိုအစဉ်တစိုက် ထမ်းဆောင်လာခဲ့သော စွမ်းအားစုကြီးလည်း ဖြစ်သည့်အတွက် စွမ်းအားစုကြီးကို ပိုမိုခိုင်မာတောင့်တင်းမှုရှိအောင်ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ့စွမ်းအားစုအမျိုးသမီးထုကြီးကို အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး စနစ်တကျ တာဝန်ခွဲဝေဖွဲ့စည်းထားသော စုစည်းခိုင်မာပြီး စည်းလုံးညီညွတ်သည့် အမျိုးသမီးများ၏ အားကိုးအားထားပြုရာ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ဖြစ်ထွန်းလာစေရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက စွမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်
ဝတ္ထုတိုပြိုင်ပွဲ ဆုရသူများအမည်စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၇

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကျင်းပသော ဝတ္ထုတိုပြိုင်ပွဲမှ ဆုရရှိသူများအမည်စာရင်းကို သက်ဆိုင်ရာက ယမန်နေ့တွင် ထုတ်ပြန်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် အလုံမြို့နယ်မှ တိုးတိုး(တောင်တွင်း)၏ "မြင်စမ်းစေချင်အိုဖခင်"က ပထမ၊ အင်းစိန်မြို့နယ်မှ ရဲမာန်(ဥပဒေ)၏ "စွန့်လွှတ်ခြင်းနှင့် စွန့်စားခြင်းဆိုသည့်အဓိပ္ပာယ်"က ဒုတိယ၊ မော်လမြိုင်မြို့မှ တက္ကသိုလ် နန်းဖြူဖြူထွန်း၏ "နေတစ်စင်းနှင့် လတစ်စင်း"က တတိယ၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ မောင်ချိုဝေ၏ "အထိမခံ"၊ လားရှိုးမြို့မှ မမ(တရားရေး)၏ "မေတ္တာဂဟေဆက်ရွှေလက်မြဲမြဲတွဲလေသော်"၊ မူဆယ်မြို့မှ သိန်းဇော်(ရွှေလီဦး)၏ "ရွှေကွန်ရက်နှင့်တူသောလက်များ"၊ မြောက်ဥက္ကလာပမြို့နယ်မှ နီငြိမ်း(အညာတက္ကသိုလ်)၏ "လူးလွန့်အောင်လံမိုးသို့ပျံခဲ့"နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ မောင်တင့်ထွန်း(စကု)၏ "မွေးဘရင်ခွင် ရွှေလက်တင်လှည့်"တို့က အထူးဆုများ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊တတိယဆုရရှိသူများသည် မတ် ၂၇ရက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများတက်ရောက်ယူရမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ဦးကိုကိုထွေး အတွင်းရေးမှူး စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၄ရက်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရှေးဟောင်းသမိုင်းဝင်မွေ့သိဒ္ဓိ ကလိုင်ထော်စေတီ၏ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘုရားကြီးဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ်ငါးသောင်းကို ဗိုလ်မှူးချုပ်မြသိန်းဟန်(ဆေးဝန်ထမ်းညွှန်ကြားရေးမှူး–ငြိမ်း)–ဒေါ်ခင်မြမြမိသားစုက ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကိုတိုးက လက်ခံယူစဉ်။ (က–ပ)

မတ် ၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုကိုနှင့် ဝန်ထမ်းများ၊ ကျီတော်ရပ်ကွက်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေး ဆောင်ရွက်အပြီး ရထားလမ်းတစ်လျှောက် သန့်ရှင်းရေးအသိပေး နှိုးဆော်ဆိုင်းဘုတ်များ စိုက်ထူရန် သယ်ဆောင်လာကြစဉ်။ (၂၅၉)

ရွှေမင်းဝံသာသနာ့ရိပ်သာ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့်ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီနာယကကြီး)နှင့် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ချီးမြှင့် ခြင်းခံရသည့်ဒေါ်တင်တင်ဝေ (ရွှေမင်းဝံ သာသနာ့ရိပ်သာ ပုညသီ အမျိုးသမီး ဝေယျာဝစ္စအဖွဲ့၊ ဒုဥက္ကဋ္ဌ)တို့အား ရွှေမင်းဝံ သာသနာ့ရိပ်သာ ပုညသီဝေယျာဝစ္စ အဖွဲ့က ကြီးမှူး၍ ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပွဲကို တပေါင်းလပြည့်ကျော် ၂ ရက်၊ မတ် ၁၀ရက်(ဗုဒ္ဓဟူးနေ့)နံနက်စနာရီတွင် ရွှေမင်းဝံ သာသနာ့ ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညိုသဒ္ဓါပွားနိုင်ရန် ဝေယျာဝစ္စ အဖွဲ့က နှိုးဆော်ထားသည်။ **(က–ပ)**

အရှင်အာစာရလင်္ကာရ တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၇

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှသာမဏေကျော်၊ ဓမ္မာစရိယ၊ သီရိပဝရ၊ ပဋ္ဌနိကာယဝိဒူ၊ ဂန္ထဝါစကပဏ္ဍိတ သာသနာပြု နယ်လှည့်ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင်အာစာရလင်္ကာရ အရှင်သူမြတ်သည် မတ် ၁၆ ရက်နှင့် ၁၇ရက်များ၌ သန်လျင်သုံးခွမြို့နယ် ညောင်ပင်သာခင်တန်းရွာ ဦးချစ်မြိုင် တစ်နှစ်ပြည့်ဓမ္မသဘင်၊ မတ် ၂၁ရက်နှင့် ၂၂ရက်တို့၌ တောင်ဥက္ကလာပ၁၅ရပ်ကွက် ဆန်လှူဓမ္မသဘင်၊ မတ်၂၃ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) အ/က ၁၉ ကြားစည်ပင်လမ်းဟောင်း ဓမ္မသဘင်၊ မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဒေးဒရဲမြို့ ဆန်လှူငွေရတုဓမ္မသဘင်၊ မတ် ၂၆ ရက်၌ ရွှေပြည်သာမြို့ ၇ရပ်ကွက် ပန်းခြံ(၇)ရောမြိုင်ဓမ္မာရုံ ဓမ္မသဘင်၊ မတ်၂၇ရက်နှင့် ၂၈ ရက် တို့၌ ရွှေပြည်သာမြို့ ထ/၁၆ရပ်ကွက် ဓမ္မသဘင်တို့၌တရားတော်များဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက စစ်ကိုင်းရွှေဟင်္သာ ဖုန်း–၀၇၂–၂၂၁၇၀၊ ၂၁၁၆၉၊ မိခင် မယ်တော်ကြီးဒေါ်ညို၊ အမှတ်၂၇/က အောင်မေတ္တာလမ်းသွယ် (၁–နောက်) အောင်သစ္စာလမ်းမ၊ ကုလားကျောင်း မှတ်တိုင်သမိုင်းလမ်းဆုံ မရမ်းကုန်း ရန်ကုန်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သင်္ကြန်ကာလ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၇

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် ဝေနေယျသုခကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒသာရ (မြို့နယ်ဩဝါဒါစရိယ)က အာနပါန ဝိပဿနာ အလုပ်ပေးတရားစခန်းကို ဧပြီ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများ အဆိုပါကျောင်းတိုက်သို့ ဧပြီ ၂ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နေနတ်သားစာသင်တိုက်ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)ဖြင့် ဓမ္မနဝါရီ ၄ ရက်က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်မှ စာချ ဓမ္မကထိက ဘဒ္ဒန္တသုစိတ္တအား ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (မတ်၁၄) ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် နေနတ်သားစာသင်တိုက်ကြီး၌ ဂုဏ်ပူဇာသဘင်ဆင်ယင်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (၁၂၉)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့ အားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂျပန်နိုင်ငံမှ Nissho Iwai Corporation ဥက္ကဋ္ဌ (Pre sident &CEO) Mr. Hidetoshi Nishimura နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။**(သတင်းစဉ်)**

ဝံသာနုသတင်းလွှာအတွဲ(၁၃)အမှတ်(၅)ထုတ်ဝေ

ရန်ကုန် မတ် ၇



နိုင်ငံတော်တွင် အရှည်လျားဆုံးသော ပြည်ထောင်စုတံတားကြီးဖြစ်သည့်သံလွင်တံတား(မော်လမြိုင်)၏ တည်ဆောက်ပြီးစီးမှု မှတ်တမ်းများကိုပုံရိပ်ထင်ထားသည့်မျက်နှာဖုံးဖြင့် ဝံသာနုသတင်းလွှာ အတွဲ(၁၃) အမှတ်(၅)ကို ယနေ့ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ဝံသာနုသတင်းလွှာတွင် သတင်းမဟုတ်တဲ့ အတင်းအဖျင်းလုပ်ကြံမှုဆောင်းပါးနှင့်အတူ ဧရာဝတီကျောက်လွှာစုထဲမှ ရှေးဦးဆင်တို့၏ကျောက်ဖြစ် ရုပ်ကြွင်း၊ မန္တလေးမှ ဆင်ဆာမဲ့ဗွီစီဒီခွေတပ်ပြားများ၊ ဗွီစီဒီခိုးကူးခွေ ရောင်းချသူများ ရှာဖွေဖမ်းဆီး၊ မီးရထားလမ်းပေါ်မှ စည်းကမ်းပျက် ဈေးသည်များ၊ မုံရွာတွင် ဖမ်းဆီးလိုက်သော လူမှောင်ခိုပွဲစားများ၊ လှိုင်မြို့နယ်နှင့် လှည်းကူးမြို့နယ်များမှ တရားမဝင်သိုလှောင်ထားသော ကျွန်းသစ်ခွဲသားများ ဖမ်းဆီးမိ အပါအဝင် အမေရိကန်နှင့် အပေါင်းအပါတို့ ထိတ်လန့်နေသော အီရတ်မြေပေါ်မှ အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ ဗန်ကောက်မှာဖမ်းမိတဲ့ နိုင်ငံခြားသားလူလည်များ၊ အမေရိကန် စစ်ယာဉ်တန်းအတိုက်ခံရ၊ အမေရိကန်လက်ဝှေ့ကျော်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မွေ့ထိုင်းလက်ဝှေ့ချန်ပီယံ ထိုင်းအမျိုးသမီး၊ လူတူမရှားကမ္ဘာကျော်များ၊ (၇၆)ကြိမ်မြောက် အော်စကာရုပ်ရှင်ထူးချွန်ဆုပေးပွဲစသော ပြည်တွင်း ပြည်ပ၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အနုပညာ သတင်းရသများကို ပြည့်ပြည့်ဝဝ ဖော်ပြထားပြီး ဆင်တောင်ကြီး စာပေ အမှတ်(၄၁) ၂၉ လမ်း ရန်ကုန်က ဖြန့်ချိကြောင်းသိရသည်။

(က-ပ)

ထစ်ချုန်းရွာမှုယ်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၈-၃-၂၀၀၄(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၂၀ ၈။ ဗိုလ်မြတ်ထွန်းတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၁၇:၁၅ ၆။ တေးဂီတအစီအစဉ်

၁၇:၃၀ ၇။ အကပဒေသာ

၁၇:၄၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၁၇:၅၀ ၉။ မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံ

၁၈:၀၅ ၁၀။ သင်ပုန်းရေလှောင်တမံ

၁၈:၁၅ ၁၁။ Discovery

၁၈:၃၀ ၁၂။ ညနေခင်းသတင်း

၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၁၉:၁၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား

၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်

၁၉:၄၀ ၁၇။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (စစ်ချီစစ်ရေး စစ်တေးကဗျာ) (အပိုင်း-၁) (ဂီတလုလင် အကယ်ဒမီ ဦးကိုကိုနှင့် ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားကျောင်းသူများ)

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၇)

ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်နှင့်အဖွဲ့ မလေးရှားနိုင်ငံမှရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၇

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ 3rd MSC International Cyberlaws Conference အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မတ် ၅ ရက် ညနေပိုင်းတွင် မလေးရှားနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။ မတ် ၃ ရက်တွင် အဆိုပါ အစည်းအဝေး၌ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒေါက်တာထွန်းရှင်သည် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့အား ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း တိုင်းဥပဒေအရာရှိနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးဦးအလုံးမောင်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထားဝယ်အသင်းဂုဏပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၇

ထားဝယ်အသင်း၏ ဂုဏပူဇော်ပွဲကို အလုံမြို့နယ် ဇမ္ဗူရတနာပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ယနေ့မွန်းလွဲ ၁ နာရီကကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်မြို့ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ကြွရောက်၍ ငါးပါးသီလချီးမြှင့်ပြီး ထားဝယ်အသင်းဥက္ကဋ္ဌ ဦးဖေညွန့်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို လျှောက်ထားသည်။

ထို့နောက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒမာလာနှင့် ဘဒ္ဒန္တကောသလ္လ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဝိပုလ၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရိယဝံသနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဉာဏောဘာသီတို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ လူမှုထူးချွန်တတိယ ဆရာတော် ဦးဣန္ဒက၊ မဟာသဒ္ဓမ္မဇော တိကဓဇ ဦးစံတင်၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကင်းစိန်နှင့် သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ဝင်းတို့အား ဂုဏ်ပြုဆုတံဆိပ်များချီးမြှင့်ပြီး ဦးကင်းစိန်က ထားဝယ်အသင်း လူမှုရေးရန်ပုံငွေအဖြစ် ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းသည်။**(ယာပုံ)** (က-ပ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်၌ ပေါက်ကွဲမှုကြီးများဖြစ်ပွား ကြီးမားကျယ်လောင်သောအသံများ ဘဂ္ဂဒက်အနှံ့တုန်ဟည်းသွား

ဘဂ္ဂဒက် မတ် ၆

အီရတ်အုပ်ချုပ်ရေးကောင်စီက ကြားဖြတ်ဖွဲ့စည်းပုံဥပဒေကို လက်မှတ်မရေးထိုးမီ နာရီပိုင်းတွင် ဘဂ္ဂဒက်မြို့၌ သောကြာနေ့က ဖြစ်ပွားခဲ့သော ကြီးမားကျယ်လောင်သည့် ပေါက်ကွဲမှု သံများကြောင့် ဘဂ္ဂဒက်မြို့အနှံ့ဘဝင်ညံကာ တုန်ဟည်းသွားခဲ့သည်။

ဘဂ္ဂဒက်မြို့လယ်၌ သောကြာနေ့ နံနက်၁၁နာရီခွဲခန့်တွင် ပေါက်ကွဲခဲ့သော ကျယ်လောင်သည့် ပေါက်ကွဲမှုကြီးကြောင့် အမေရိကန်အမိကရုံးချုပ်များမှ ပြတင်းပေါက်များ တုန်ခါသွားခဲ့ကြသည်ဟု ဆိုသည်။

ဖြစ်ပွား

အမေရိကန်အဓိကအခြေစိုက်စခန်းရှိရာ ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက်ရှိ ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်တွင် နံနက် ၁၀ နာရီ ၁၅ မိနစ်နှင့် ၁၀ နာရီခွဲကြား၌ ပေါက်ကွဲမှုခြောက်ကြိမ် သို့မဟုတ် ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက အစောပိုင်း၌ ပြောကြားသည်။ ပျက်စီးမှု သို့မဟုတ် သေဆုံးမှုသတင်းကို ဖော်ပြခြင်းမရှိပေ။ အီရတ်နိုင်ငံအနှံ့တွင်ရှိသော အမေရိကန် အခြေစိုက်စခန်းများသည် စိန်ပြောင်းများနှင့် လက်ပစ်ဗုံးများဖြင့် ပုံမှန်ပစ်ခတ်တိုက်ခိုက်ခြင်း ခံနေရသည်။ ဘဂ္ဂဒက်အနောက်ဘက် အမီရိယာအရပ်၌ရှိသော ရဲအဖွဲ့က လမ်းဘေးဗုံးတစ်လုံး နံနက် ၉နာရီခွဲ၌ ပေါက်ကွဲသဖြင့် လမ်းမပေါ်တွင် ချိုင့်ကြီးတစ်ခု ဖြစ်သွားခဲ့သော်လည်း ထိခိုက်သေဆုံးမှု မရှိကြောင်း ပြောကြားသည်။

သေဆုံး

အင်္ဂါနေ့၌ ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် အီရတ်အုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံဥပဒေလက်မှတ်ရေးထိုးရေးကိစ္စကို နှစ်ရက်ရွှေ့ဆိုင်းထားခဲ့ရသည်။ ဘဂ္ဂဒက်မြို့တွင်း၌ ကြာသပတေးနေ့က ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့မှုတွင် လူသုံးဦးသေဆုံးခဲ့သည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့၌ မကြာခဏ ပေါက်ကွဲ မှုများဖြစ်ခဲ့ရာ အချို့မှာ ပြောက်ကျားများထောင်ထားသော လမ်းဘေးဗုံးများပေါက်ကွဲခြင်းနှင့် အမေရိကန်တပ်ဖွဲ့များက ဗုံးများကိုထိန်းချုပ်ဖောက်ခွဲခြင်းများဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ မိုဆူးလ်၌ ပြောက်ကျားတို့နှင့်တိုက်ပွဲဖြစ်

မိုဆူးလ် မတ် ၆

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် မတ် ၄ရက်ညက အမေရိကန်ဦးဆောင်သော ကျူးကျော်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံရေး ပြောက်ကျားများ ညလုံးပေါက်တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့် ရှိသူက သောကြာနေ့နံနက်ပိုင်း၌ ပြောကြားသည်။

ထိုသို့တိုက်ပွဲဖြစ်ရာ၌ တပ်ဖွဲ့ဝင်များမှာ အမေရိကန်တပ်ဖွဲ့ဝင်များ ဟုတ်မဟုတ် အတိအကျ မသိရကြောင်း ၎င်းကပြောကြားသည်။

ကြိုးပမ်းနေ

ဘဂ္ဂဒက်မြောက်ဘက် မိုင်၂၄၀ရှိ အဆိုပါ မိုဆူးလ်မြို့၌ ဖြစ်ပွားသော တိုက်ပွဲ၏ အသေးစိတ်ကို သိရှိရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဒဏ်ရာမရရှိ

တိုက်ပွဲ၌ အီရတ်သုံးဦးသေဆုံးခဲ့ပြီးအပေါင်းပါ တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု ဆိုသည်။

သေဆုံး

အခြားသတင်းတစ်ရပ်၌ တူရကီထရပ်ကား တစ်စီးကို အပိုင်စီးရန် ကြိုးစားသော အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဒေသရဲအဖွဲ့အဆိုအရ ငါးဦးသေဆုံးကြောင်း သိရသည်။

ဖြစ်ပွား

ဘဂ္ဂဒက်မြို့တွင် ဖွဲ့စည်းပုံဥပဒေကို လက်မှတ်မရေးထိုးမီ နာရီပိုင်းအလိုတွင်သောကြာနေ့က ကျယ်လောင်သော ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့သော်လည်း မည်သည့်ပေါက်ကွဲမှုဖြစ်သည်ကို အတိအကျ မသိရဟုဆိုသည်။

(အင်တာနက်)

မတ် ၆ ရက်က ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးကို ရှာဖွေစစ်ဆေးစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ထောက်လှမ်းရေးသတင်းကိစ္စ ရှင်းလင်းစွာ ပြောဆိုရန် ကန်လွှတ်တော်အမတ်ကနေဒီက စီအိုင်အေညွှန်မှူးအားတိုက်တွန်း

ဝါရှင်တန် မတ် ၆

အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ကျူးကျော်တိုက်ခိုက်မှုတရားမျှတစေရန် အိမ်ဖြူက ပြောင်းလဲခဲ့ခြင်းသို့မဟုတ် တလွဲသုံးခဲ့သည်ဆိုခြင်းအပေါ် ရှင်းရှင်းလင်းလင်း ပြောဆိုရန် စီအိုင်အေညွှန်ကြားရေးမှူး ဂျော့ချ်တီနက်အား ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီက သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

ဝေဖန်

ထို့ပြင် မက်ဆက်ချူးဆက်ပြည်နယ် ဒီမိုကရက်တစ်အမတ် ကနေဒီသည် ရီပက်ဘလစ်ကင်သမ္မတ ဂျော့ဒဗလျူဘုရှ်ကို နိုင်ငံရေးအောင်နိုင်ဖို့အတွက် အီရတ်၏ ခြိမ်းခြောက်မှု အနေအထားကို ပုံကြီးချဲ့ခဲ့ကြောင်းလည်း ပယ်ပယ်နှယ်နှယ်ထိုးနှက်ဝေဖန်ခဲ့သည်။ ကနေဒီသည် ဘုရှ်ပြောဆိုခဲ့သော အီရတ်သည် အရေးကြီးသည့် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဆိုသောစကား၊ ဒုတိယသမ္မတ ဒစ်ချေနီပြောဆိုခဲ့သော အီရတ်သည်နျူကလီးယား လက်နက်များရရန် ကြိုးပမ်းနေသည်ဆိုသော စကားနှင့် ကာကွယ်ရေးဝန်ကြီးပြောဆိုခဲ့သော ယခုထိရှာမတွေ့သေးသော လက်နက်များ မည်သည့်နေရာ၌ ရှိသည်ဆိုသည်ကို မိမိတို့သိသည်ဆိုသောစကားများကို အထောက်အထားအဖြစ် ရည်ညွှန်းခဲ့သည်။

မေးခွန်းထုတ်

ဤသို့ဆိုလျှင် စီအိုင်အေညွှန်ကြားရေးမှူးတီနက်သည်သမ္မတ၊ ဒုတိယသမ္မတနှင့် ကာကွယ်ရေးဝန်ကြီးတို့ကို လွန်ခဲ့သည့်တစ်နှစ်ကအဘယ်ကြောင့် အမှားကိုထောက်မပြ ခဲ့သနည်းဟု ကနေဒီက မေးခွန်းထုတ်သည်။ ထို့ပြင် ကနေဒီက စီအိုင်အေညွှန်ကြားရေးမှူးတီနက်သည် စွပ်စွဲထားသော အီရတ်၏ ပိတ်ပင်ထားသည့် လက်နက်များနှင့်စပ်လျဉ်း၍ အိမ်ဖြူ မူဝါဒရေးဆွဲသူများ အလွန်အကျွံလေလုံးထွားခြင်းကို လျှော့ရန် တိုက်တွန်းခဲ့ခြင်း ရှိ မရှိကိုလည်း မေးခွန်းထုတ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြောက်ဝင်ရိုးစွန်းအနီးရှိ ရုရှားသိပ္ပံပညာရှင်အဖွဲ့၏စခန်း ရေခဲပြင်ထဲနစ်မြုပ်နေ၍ ပညာရှင်များ၏ အသက်အန္တရာယ်စိုးရိမ်ရ

မော်စကို မတ် ၅

ဂရင်းလင်းရှိ ရေခဲပြင်ထဲ၌ ရုရှားသိပ္ပံပညာရှင်အဖွဲ့၏ စခန်းသည် တစ်စိတ်တစ်ပိုင်းနစ်မြုပ်လျက်ရှိကာ အသက်အန္တရာယ် စိုးရိမ်ရခြင်းကြောင့် အဆိုပါစခန်းရှိ သိပ္ပံပညာရှင် ၁၂ဦးကို ရာသီဥတုအခြေအနေကောင်းမွန်ပါက ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရမှာဖြစ်ကြောင်း သိရသည်။

အဆိုပါရေခဲပြင်သည် မြောက်ဝင်ရိုးစွန်းအနီး၌ရှိကာ ၄ဧနာရီအတွင်း ၇၀၀ကီလိုမီတာထိ မျောပါနေသော ရေခဲပြင်ဖြစ်ကြောင်း သိရသည်။

နစ်မြုပ်

ရေခဲပြင်မှ ကြီးမားသော အစိတ်အပိုင်းတစ်ခုသည် ဗုဒ္ဓဟူးနေ့လယ်မှ စတင်နစ်မြုပ်ခဲ့ပြီး မိနစ်သုံးဆယ်အတွင်း စခန်း၏ ဇဝရာခိုင်နှုန်း နစ်မြုပ်ကြောင်းသိရသည်။ အဆိုပါရေခဲပြင်၌ သိပ္ပံပညာရှင်များသည် ကိုးလကြာ စခန်းချခဲ့ကြောင်း၊ရေခဲပြင်များကွဲအက်ပြိုကျခြင်းသည် သဘာဝအတိုင်း ဖြစ်သော်လည်း ယခုလို မြန်မြန်ဆန်ဆန်ပြိုကွဲခြင်းသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ကယ်ဆယ်ရမည်

ရေခဲပြင်သည် ရဟတ်ယာဉ်ဆင်းသက်ရန်မကျယ်ပြန့်ခြင်းကြောင့် သိပ္ပံပညာရှင်များအား ဆွဲတင် ကယ်ဆယ်ရမည်ဖြစ်ကြောင်း သိရသည်။ တောင်ဝင်ရိုးစွန်း၌လည်းရေခဲပြင်များ အရည်ပျော်မှု ဖြစ်လျက်ရှိသည်။

(စီအက်ဖ်အိုင်)

တရုတ်–ပြင်သစ်သံတမန်ဆက်ဆံရေး အထူးကောင်းမွန်

ပါရီ မတ် ၆

တရုတ်–ပြင်သစ် သံတမန်ဆက်ဆံရေးကို လွန်ခဲ့သည့် နှစ်၄၀တွင် စတင်ထူထောင်ခဲ့ချိန်မှစပြီး လက်ရှိအခြေအနေသည် တရုတ်–ပြင်သစ် နှစ်နိုင်ငံဆက်ဆံရေးအကောင်းဆုံးအချိန်ဖြစ်သည်ဟု ပြင်သစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကျောက်ကျင်ကျန်က ဆင်ဟွာသတင်းဌာနကို ပြောကြားလိုက်သည်။

ခုနစ်လအတွင်း ပြင်သစ်သို့ လာရောက်သည့် ဒုတိယခရီးစဉ်လည်းဖြစ်သော ဇန်နဝါရီလ၌ ပြင်သစ်နိုင်ငံသို့ တရုတ်သမ္မတ ဟူကျင်တောင် လာရောက်လည်ပတ်သည့် ခရီးသည် တရုတ်နှင့်ပြင်သစ်နိုင်ငံတို့၏ ဆက်ဆံရေးရင်းနှီးမှုကို ဖော်ပြကြောင်း သံအမတ်ကြီးကျောက်ကျင်ကျန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖမ်းဆီး

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက သံသယရှိသော အီရတ်တစ်ဦးကို ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အခြေအနေ ဆက်လက်ဆိုးရွားနေမှု အမေရိကန်တပ်ဖွဲ့ဝင်များတွင် တာဝန်ရှိ လိုလားချက်၊ မကျေနပ်ချက်များပြားလာ၍ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများ ပိုမိုတိုးပွား

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့ဈေးတစ်ဈေး၌ အီရတ်အမျိုးသမီးကြီးတစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် မကျေနပ်ချက်များကို ဖွင့်ဟပြောဆိုနေစဉ်။

(ဓာတ်ပုံ– အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့ ပါလက်စတိုင်းဟိုတယ်ရှေ့၌ သံသယရှိသူများကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်ပြည်သူများ ဆန္ဒပြရာ လမ်းတစ်လျှောက် သံဆူးကြိုးများဖြင့် ပိတ်ဆို့တားဆီးထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လိုလားချက်များ တောင်းဆို

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်သူများက ယင်းတို့၏ လိုလားချက်များကို တောင်းဆိုလျက် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကာဘာလာမြို့နှင့်ဘဂ္ဂဒက်မြို့တို့၌ ခုခံတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့ ခါဇီမိယာ အရပ်ဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေး တာဝန်ပြေးလွှား ထမ်းဆောင် နေရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

မတ် ၆ ရက်က ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့် စစ်ပွဲအတွင်း အီရတ်နိုင်ငံ၏တယ်လီဖုန်း စက်ခလုတ်ခုံများ ပျက်စီးခဲ့ရ

ဘဂ္ဂဒက် မတ် ၆

အီရတ်နိုင်ငံ၌ ကြုံတွေ့နေရသော နိုင်ငံတည်ဆောက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများအနက်မှ ပြဿနာတစ်ရပ်ဖြစ်သော ဆက်သွယ်ရေးဆိုင်ရာ ပြန်လည်ပြုပြင်တည်ဆောက်ရေးကို ဂျပန်က ကူညီဆောင်ရွက်ပေးရန် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ယခုအခါ အီရတ်နိုင်ငံအတွက် ဂျပန်နိုင်ငံက ကူညီထောက်ပံ့မည့် ဒေါ်လာငွေ တစ်ဘီလီယံခွဲမှ ဒေါ်လာငွေသန်းတစ်ရာနှင့် တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍကို တိုးတက်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရတ်ဆက်သွယ်ရေးဝန်ကြီး အယ်အီဘာဒီက ပြောကြားလိုက်ပြီး ဂျပန်နိုင်ငံ၌ ဂျပန်ဆက်သွယ်ရေးဝန်ကြီးနှင့်အတူ အန်တီတီကဲ့သို့ ဆက်သွယ်ရေးကုမ္ပဏီကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပျက်စီးခဲ့

၁၉၉၁ခုနှစ် ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်း၌ အီရတ်နိုင်ငံ၏ ဆက်သွယ်ရေးစနစ်ကို ပြန်လည်ထူထောင်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်က အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ခဲ့သော စစ်ပွဲကြောင့် နိုင်ငံတွင်း တယ်လီဖုန်း စက်ခလုတ်ခုံ ၁၂ခု ပျက်စီးသွားခဲ့ရကြောင်း၊ ပြီးခဲ့သော ဗုဒ္ဓဟူးနေ့ကလည်း ဘဂ္ဂဒက်မြို့ရှိ အဓိကတယ်လီဖုန်း စက်ခလုတ်ခုံကို ဗုံးထိမှန်ပေါက်ကွဲသွားခဲ့ကြောင်း၊ နိုင်ငံတွင်း လုံခြုံရေးအခြေအနေမှာ အဓိကပြဿနာဖြစ်နေကြောင်း သိရသည်။

မျှော်လင့်

ယခုလကုန်၌ ဂျပန်က ကူညီထောက်ပံ့မည့် ဒေါ်လာသန်းတစ်ရာနှင့်အတူ ဂျပန်နိုင်ငံ၏ ဆုံးဖြတ်ချက်နည်းပညာများကိုလည်း မျှော်လင့်လျက်ရှိကြောင်း အယ်အီဘာဒီက ပြောကြားလိုက်သည်။

(စီအင်န်အင်န်)

ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်လေးဦးဒဏ်ရာပြင်းထန်စွာရရှိ

လန်ဒန် မတ် ၆

အီရတ်နိုင်ငံအရှေ့တောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ကျေးရွာတစ်ရွာ၌ သောကြာနေ့က ကင်းလှည့်စဉ် တိုက်ခိုက်ခြင်းခံရသဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်း မေဆန်ပြည်နယ်ရှိ ကာအယ်လ်စာဟီလ်ကျေးရွာ၌ ကင်းလှည့်ခိုက် ဗြိတိသျှကင်းလှည့် တပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်ခြင်းခံရကြောင်း ဝန်ကြီးဌာန ပြောခွင့်ရှိသူက အတည်ပြုပြောကြားသည်။

စက်သေနတ်ကြီးများနှင့် ဒုံးပစ်လောင်ချာတစ်လုံးဖြင့် တိုက်ခိုက်ခြင်းခံရပြီးနောက် ကင်းလှည့်ဗြိတိသျှတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ဒဏ်ရာရရှိကြသော ဗြိတိသျှကင်းလှည့်တပ်ဖွဲ့ဝင်များမှာ အမှတ်(၁)ခြေမြန်တပ်ရင်းမှ ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒဏ်ရာရရှိသော ဗြိတိသျှ ကင်းလှည့် တပ်ဖွဲ့ဝင်လေးဦးကို ဘာဆာရာအနီးရှိ ရှေ့ဘာစစ်ဆေးရုံသို့ ပို့ထားကြောင်း ၎င်းကပြောဆိုသည်။

အီရတ်နိုင်ငံအရှေ့တောင်ပိုင်း၌ ရှိသော ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အပိုင်းကဏ္ဍသည် လွန်ခဲ့သည့်လအနည်းငယ်အတွင်း၌ ငြိမ်သက်မှုရှိခဲ့သည်။ ၂၀၀၃ခုနှစ် ဇွန်လထဲ၌ မာဂျာအယ်လ်ကာဘီယာ တိုက်ပွဲတွင် ဗြိတိသျှစစ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

အီရတ်လုံခြုံရေး ပြန်သုံးသပ်ရန်လိုအပ် အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြောကြား

ဘဂ္ဂဒက် မတ် ၆

အီရတ်နိုင်ငံ၏ လုံခြုံရေးကိစ္စများ ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားလိုက်သည်။ အီရတ်၌ ဗုံးပေါက်ကွဲမှုကြီးများ ဖြစ်ပွားခဲ့ရာမှာ လူပေါင်းမြောက်မြားစွာသေဆုံးခဲ့ရပြီးနောက် အီရတ်ကောင်စီဥက္ကဋ္ဌက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် စနစ်တကျ ပူးပေါင်းကြံစည်ခြင်းဖြစ်သကဲ့သို့ အချိန်ကိုက်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း အမေရိကန်နှင့် အီရတ်အာဏာပိုင်များက ပြောကြားသည်။

ဤအတောအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သော နေရာကို အမေရိကန်တပ်ဖွဲ့ဝင်များအား ဒေါသဖြစ်နေသည့် အီရတ်များက ခဲများဖြင့်ပစ်ပေါက်ခဲ့ကြောင်း၊ ယင်းသွေးထွက်သံယိုဖြစ်ရပ်ကို အမေရိကန်တို့က တားဆီးကာကွယ်ခြင်းမပြုခဲ့သည့်အတွက် အီရတ်ခေါင်းဆောင် စစ္စတန်နီက ပြစ်တင်ပြောကြားလိုက်သည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အရှေ့အလယ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်မကျင့်သုံးရန် အမေရိကန်ပြည်ထောင်စုကို အီဂျစ်သမ္မတသတိပေး

ရောမ မတ် ၆

အီဂျစ်သမ္မတ ဟို့စ်နီမူဘာရက်သည် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးအပေါ် အသင့်ပြင်ဆင်ထားသော ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ကျင့်သုံးခြင်း မပြုရန် အမေရိကန်ပြည်ထောင်စုကို သတိပေးလိုက်ပြီး အာရပ်-အစ္စရေး ပဋိပက္ခကို ဘေးဖယ်မထားရန် ပြောကြားလိုက်သည်။

အာရပ်ကမ္ဘာတွင် အမေရိကန်ပြည်ထောင်စု၏ အရင်းနှီးဆုံးအပေါင်းပါတစ်ဦးဖြစ်သော အီဂျစ်သမ္မတ မူဘာရက်က မိမိရှေ့လထဲ၌ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် တွေ့ဆုံသည့်အခါ ဘုရှ်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မဟာဦးဆောင်မှုကို ဖိအားပေးမည်ဖြစ်ကြောင်း ပြောဆိုသည်။ အမေရိကန်ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အသေအချာမလေ့လာလျှင် မိမိတို့သည် အကြမ်းဖက်မှုနှင့် မင်းမဲ့စရိုက်ဆန်မှု ဒုက္ခအတွင်းသို့ ထိုးကျသွားနိုင်ကြောင်း မူဘာရက်က ပြောကြားသည်။

ထို့ပြင် မူဘာရက်က အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် ဒေသ၌ဖြစ်ပေါ်နေသော ဒုက္ခအကျပ်အတည်းများ၏ အခရာဖြစ်ရာ အာရုံစိုက်မှုကို မလွှဲဖယ်သင့်ကြောင်းလည်း မူဘာရက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ယှဉ်ပြိုင်

မတ် ၆ ရက်က အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် ကျင်းပရာ မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

(ယင်းပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကော်မတီ နှစ်ပတ်လည်အစည်းအဝေး၏ ဒုတိယနေ့အစီအစဉ်ကျင်းပ

ပေကျင်း မတ် ၅

တရုတ်နိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကော်မတီ၏ နှစ်ပတ်လည် အစည်းအဝေး၏ ဒုတိယမြောက်နေ့ကို ပေကျင်းမြို့၌ ကျင်းပလျက်ရှိရာ တရုတ်နိုင်ငံ ထိပ်တန်းခေါင်းဆောင်များသည် အဖွဲ့လိုက်ဆွေးနွေးပွဲများကို တက်ရောက်ကာ အဓိက နိုင်ငံရေးနှင့် လူမှုရေးကိစ္စများတွင် အဖွဲ့ဝင်များ၏ တင်ပြချက်များကို ကြားနာခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ဟူကျင်တောင်သည် စက်မှုနှင့်စီးပွားရေးကဏ္ဍမှ အဖွဲ့ဝင် ကိုယ်စားလှယ်များ၏ ဆွေးနွေးပွဲကို တက်ရောက်ခဲ့ကာ တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအချိန်နှင့် ရင်ဆိုင်ကြုံတွေ့နေရကာ ပြဿနာ အများအပြားကိုဖြေရှင်းရမည်ဖြစ်ပြီး အပြီးသတ်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေသော ကိစ္စရပ်များရှိကြောင်း၊ ယင်းကြောင့် လက်တွေ့အသုံးဝင်မည့် တွေးခေါ်မြော်မြင်မှုများဖြင့် ဆောင်ရွက်ရန် အဖွဲ့ဝင်များအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ကြွယ်ဝချမ်းသာသည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန်၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရန် လိုအပ်ကြောင်းလည်း ဟူကျင်တောင်က ပြောကြားခဲ့သည်။ ပါတီအဖွဲ့ဝင် မဟုတ်သူများနှင့် တွေ့ဆုံစဉ် နိုင်ငံတော်ပြန်လည် တည်ဆောက်ရေး၌ အဆိုပါအဖွဲ့ဝင်များ၏ ပါဝင်ဆောင်ရွက်မှုကို တရုတ်နိုင်ငံ ထိပ်တန်းဥပဒေပြုပုဂ္ဂိုလ်ဝူဘန်ဂိုးက ချီးကျူး ပြောကြားခဲ့သည်။

အလားတူ စီးပွားရေးနှင့်စိုက်ပျိုးရေးဆိုင်ရာအဖွဲ့၏ ဆွေးနွေးပွဲကို တက်ရောက်သည့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်ကလည်း အဖွဲ့ဝင်များ၏ ဆွေးနွေးအကြံပြုမှုများကို အစိုးရအဖွဲ့အတွင်း အလေးထားဆွေးနွေးမည်ဖြစ်ကာ နိုင်ငံစီးပွားရေး ဆက်လက်တိုးတက်နေစေရန်နှင့် စီးပွားရေးကဏ္ဍ ကာကွယ်ထိန်းသိမ်းရေးအတွက် အခွင့်အလမ်းမှန်သမျှကို ရယူရန်လည်း အဖွဲ့ဝင်များကို ၎င်းက တိုက်တွန်းခဲ့သည်။

(စီစီတီဗွီ)

ရှင်းလင်းတင်ပြ

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး-ညောင်လေးပင်အပိုင်းကို တာဝန်ယူဆောင်ရွက်နေသည့် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

❀ ကျောဖုံးမှ

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် ဆက်လက်ထွက်ခွာကြရာရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး-ညောင်လေးပင်အပိုင်းကိုတာဝန်ယူဆောင်ရွက်နေသည့် ရွှေသံလွင် ဟိုင်းဝေး ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များအား ရွှေသံလွင် ဟိုင်းဝေး ကုမ္ပဏီလီမိတက် အင်ဂျင်နီယာမှူးကြီး ဦးစောဒေးဗစ်သာ၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား အင်ဂျင်နီယာမှူးကြီး ဦးစောဒေးဗစ်သာနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တို့က ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၅၀/၀)မှ (၉၈/၀)အထိ ၄၈ မိုင်အရှည်ရှိ လမ်းပိုင်းနှင့် ရန်ကုန်-မြိတ် ပြည်ထောင်စုလမ်းမကြီး၏ ဘုရားကြီး-ကျိုက်ထိုလမ်းပိုင်း၊ မိုင်တိုင်အမှတ်(၆၀/၄) မှ (၁၁၆/၇)အထိ ၅၆ မိုင် သုံးဖာလုံအရှည်ရှိလမ်းပိုင်းတို့တွင် မူလလမ်းဟောင်းကို ၂၄ ပေအကျယ်ရှိ လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းမျက်နှာပြင်လွှာညှိခြင်းဆောင်ရွက်နေမှု၊ လမ်းတစ်ဖက်စီတွင် မြေသားလမ်းတစ်လမ်းစီ ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပဲခူးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးတင်ထွတ်က ပဲခူးတိုင်း အတွင်းရှိလမ်းများ၊ တံတားများတည်ရှိမှုအခြေအနေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့်လမ်းများနှင့် တံတားများ ပြုပြင်တည်ဆောက်လျက်ရှိသည့်အခြေအနေနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူးတိုင်းအပိုင်းတွင် ပုဂ္ဂလိက ကုမ္ပဏီလေးခုတို့က လမ်းအဆင့် မြှင့်တင်ခြင်း အရှည်ပေ ၅၀ အောက် တံတားများ ပြုပြင်တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လမ်း၊ တံတားများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ လမ်းများကို တစ်ကွက်ပေါက် တစ်ကွက်ဖာ စနစ်ကျင့်သုံးပြုပြင်ထိန်းသိမ်းရေး၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်း စက်ယန္တရားများကို ကြိုတင်စုဆောင်းထားပြီး ပွင့်လင်းရာသီတွင် လမ်းများကိုအရှိန်အဟုန်ဖြင့်ဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပဲခူးမြို့နှင့် ဘုရားကြီးဘူတာဝင်းအတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်-ညောင်လေးပင် ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရထားတိုးချဲ့ပြေးဆွဲ

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ခရီးမိုင် ၉၂ ဒသမ ၇၅ မိုင်ရှိ ရန်ကုန်-ညောင်လေးပင် ရထားလမ်းပိုင်းကို ပထမအဆင့်အဖြစ် သတ်မှတ်ကာ ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ စီမံကိန်းအတွက် စက်ယန္တရားများ ဝယ်ယူထားရှိမှုအခြေအနေ၊ ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (ပြွန်တန်ဆာ) တည်ဆောက်နေမှုအခြေအနေ၊ ရန်ကုန်-ညောင်လေးပင် ရထားလမ်းတစ်လျှောက် ကွန်ကရစ် ဇလီဖားတုံးများ လဲလှယ်ပြီးစီးမှု၊ ၇၅ ပေါင်အလေးချိန်ရှိ၍ တစ်ချောင်းလျှင် ၃၉ ပေရှိ သံလမ်းသုံးချောင်းဆက်ပြီး အရှည် ၁၁၇ ပေရှိ သံလမ်းရရှိရန် သံဂဟေဆက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များ၊ ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်းများတွင် ရထားများတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ဒုတိယမြို့ပတ်ရထားလမ်း တိုးချဲ့ဖောက်လုပ်ရန် လိုအပ်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လမ်းအဆင့်မြှင့်တင်

ထို့နောက် အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသီဟန်က ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ ပထမအဆင့်အနေဖြင့် ရန်ကုန်မှ ဘုရားကြီးအထိ လမ်းအရှည် ၅၇ မိုင်ကို မြန်မာ့မီးရထား တိုင်းအမှတ် (၆)နှင့် (၇)တို့က လည်းကောင်း၊ မန္တလေးမှတပ်ကုန်းအထိ လမ်းအရှည် ၁၃၂ မိုင်ကို မြန်မာ့မီးရထားတိုင်းအမှတ်(၃)၊ (၄)နှင့် (၅)တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း ဒုတိယအဆင့် အနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဘုရားကြီးမှတပ်ကုန်းအထိ လမ်းအရှည် ၁၉၆ မိုင်ကို လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်မည့် စီမံချက်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ရန်ကုန် မြို့ပတ်ဆင်ခြေဖုံးလမ်းပိုင်းရထားများ တိုးချဲ့ပြေးဆွဲပြီး နေ့စဉ် ရန်ကုန်မြို့ပတ်ရထားစီးခရီးသည်များ တိုးတက်များပြားစွာ စီးနင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ ရန်ကုန်မြို့တော်ရှိလူဦးရေနှင့် ရထားစီးဦးရေ၊ မြို့ပတ်ရထားမှ ဝင်ငွေရရှိမှုနှင့် ရထားများတိုးချဲ့ပြေးဆွဲရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို စာရင်းဇယား၊ ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုတွင် စရိတ်စကသက်သာ၍ အချိန်တိုအတွင်း ချောမောစွာသွားလာနိုင်စေရေးအတွက် မော်တော်ကားလမ်းများ၊ ရထားလမ်းများကို အဆင့်မြှင့်ပြုပြင်မွမ်းမံနေခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမှသာ ပြည်သူတို့၏ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်တိုးတက်လာမည်ဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုလည်း မှန်ကန်လာမည်ဖြစ်ပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မော်တော်ကားလမ်းနှင့် ရထားလမ်းများ အမြန်ဆုံးပြီးစီးအောင်မြင်အောင် စေတနာထား၍ ဖိဖိစီးစီးဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ရန်ကုန်ဆင်ခြေဖုံး မြို့ပတ်ရထားလမ်း တိုးချဲ့ဆောင်ရွက်ရာတွင်လည်း ဦးစားပေးအဆင့်များ သတ်မှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရထားများ အချိန်မှန်ထွက်ရှိရေး၊ မီးအလင်းရောင် ကောင်းစွာရှိနေရေး၊ လုံခြုံမှုရှိစေရေး၊ ရေအိမ်များသန့်ရှင်းရေးနှင့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ရထားကို အားကိုးစီးနင်းနိုင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးဘူတာရှေ့ ရန်ကုန်-ညောင်လေးပင် လမ်းပိုင်း ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း သံလမ်းဂဟေစက်ရုံဝင်းအတွင်း၌ Nakayama ကျောက်ခွဲစက်ဖြင့် ရထားလမ်းအတွက် ကျောက်များခွဲစိတ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးဘူတာမှ သံလမ်းပြေးရထားဖြင့် ဘုရားကြီးဘူတာနှင့် ရွှေလှေဘူတာတို့အကြား ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သံလမ်းပြေးရထားဖြင့် ဘုရားကြီးဘူတာနှင့် ရွှေလှေဘူတာ အကြား၌ Automatic Levelling, Lining and Tamping Machine for Plain Track စက်ယန္တရားဖြင့် ရထားသံလမ်းနှစ်ချောင်း၏လက်ရှိ Level နှင့် Alignment မှန်ကန်စွာ အလိုအလျောက်မတင်၍ ဇလီဖားတုံးအောက်ခြေရှိ ကျောက်များကို ကျစ်လျစ်သိပ်သည်းအောင် စက်ဖြင့်ရိုက်သွင်းပေးနေမှု၊ တစ်ကြိမ်လျှင် ဇလီဖားတုံးတစ်တုံးစီကို ကျောက်ရိုက်တံ ၁၆ ချောင်းဖြင့် ကျောက်ရိုက်သွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂဟေဆက်ပြီး ရထားသံလမ်းအသစ်များ လဲလှယ်တပ်ဆင်နေမှုနှင့် Flash Butt Welding Machine (APT 5SOOC)ဖြင့် ရထားသံလမ်းပေါ်တွင် ရွှေ့လျားစနစ်ဖြင့် သံလမ်းများကိုတစ်ချောင်းနှင့်တစ်ချောင်း တေ့ဆက်ဂဟေဆော်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရွှေလှေဘူတာမှ ပဲခူးဘူတာအထိ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို သံလမ်းပြေးရထားဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ပဲခူးမြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ထားဝယ်အေဘီအမ်ကျောင်း စိန်ရတုစာအုပ်ထုတ်ဝေမည်

ရန်ကုန် မတ် ၇

ထားဝယ် အေဘီအမ်ကျောင်း အထိမ်းအမှတ် စာအုပ်ထုတ်ဝေရန်အတွက် ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများထံမှ စာမူများကို ဦးချိန်ဂွမ် ဖုန်း-၅၃၉၇၉၃ ၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၂၁၁၆၂၊ ဦးကျော်ဦး (ပါရမီ)၂၅၃၂၄၆၊ ဦးကျော်မြင့် (သိပ္ပံကျော်) ဖုန်း-၂၈၇၆၀၆ နှင့် ဦးအောင်မြင့် (တနင်္သာရီတိုင်း ပညာရေးမှူးရုံး၊ ထားဝယ်) ဖုန်း-၂၁၀၅၇ တို့သို့ ဧပြီ ၂၀ ရက်နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့
၂၀၀၄ ခု၊ မတ်လ(၈)ရက်
International Women's Day
8th March 2004

သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်က ကျင်းပရာ သူငယ်တန်းပထမဆုရ မောင်မျိုးသူရိန်မိုးအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသောင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

8-3 (7).p65 1 3/25/05, 9:04 PM

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ရန်ကုန်မြို့ မင်္ဂလာဒုံ ဥယျာဉ်မြို့တော် မြို့တော်ဦးတွင် တည်ထားကိုးကွယ်တော်မူသော ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ခတ်ပေါင်းစုံ စေတီတော်များ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ခတ်ပေါင်းစုံစေတီတော်များအား ရည်မှန်း၍ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ကျိုက်ထီးဆောင်း ဆရာတော်အား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ် အသင်းအဖွဲ့များ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေ ဦးဆောင်သည့် ဘုရားဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဓေကမ္ဘာကုမ္ပဏီလီမိတက်၏ ခန်းမ၌ ကျင်းပရာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က ဇမ္ဗူ့ ဥသျှောင်မြတ်ဘုန်းခေါင် ခတ်ပေါင်းစုံ စေတီတော်များအား ရည်မှန်း၍ ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီ၏ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်နှင့် ကျိုက်ထီးဆောင်း ဆရာတော်တို့အား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘုရားဒါယကာ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ ဦးဆောင်သော ဘုရားဒါယကာ ဒါယိကာမများက ခတ်ပေါင်းစုံစေတီတော်များအား ရည်မှန်း၍ ခတ်ပေါင်းစုံစေတီတော်များ၏ ရတနာစိန်ဖူးတော်များနှင့် ငှက်မြတ် နားတော်များကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဒါယကာ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေက ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ခတ်ပေါင်းစုံ စေတီတော်များ တည်ထားကိုးကွယ်ရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

လှည့်လည်အပူဇော်ခံ

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက် တာဒေါ်ခင်ဝင်းရွှေတို့က ရွှေတိဂုံ စေတီတော်ပုံတော်ပွားစေတီ၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဘုရားဒါယကာ ဒါယိကာမများက ခတ်ပေါင်းစုံစေတီတော်များ၏ ရတနာစိန်ဖူးတော်များ၊ ငှက်မြတ်နားတော်များနှင့် ရွှေထီးတော်တို့ကိုလည်းကောင်း ခန်းမအတွင်းမှ ပင့်ဆောင်ကြပြီး ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်း ခေါင်ခတ်ပေါင်းစုံ စေတီတော်များအား လက်ယာရစ် လှည့်လည်အပူဇော်ခံသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်ငြမ်းအထက်သို့ပင့်ဆောင်ကြပြီး မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား အမှူးထား၍ တပ်မတော်ထောက်လှမ်းရေးမိသားစုများက စုပေါင်းလှူဒါန်းသည့် ပုဂံဓမ္မရာဇကပုံတော်ပွားစေတီတော်၏ ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့လည်းကောင်း၊ ကျိုက်ထီးရိုးဆံတော်ရှင်ပုံတော်ပွားစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့လည်းကောင်း တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတော်ပွားစေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် မန္တလေးမဟာမုနိ ပုံတော်ပွားစေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့လည်းကောင်း၊ ကေလာသဆံတော်ရှင်ပုံတော်ပွား စေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ လည်းကောင်း တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ရွှေမိုးငွေမိုးရွာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ခတ်ပေါင်းစုံစေတီတော်များအား ရွှေထီးတော်များ၊ ငှက်မြတ်နားတော်များနှင့် ရတနာစိန်ဖူးတော်များ တင်လှူပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သာသနာ့ တံခွန်တိုင်၌ သာသနာ့အောင်လံတော်ကို မင်္ဂလာချိန်တွင် လွှင့်ထူပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ရွှေသင်္ကန်းဆက်ကပ်

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ဘဒ္ဒန္တပညာဒီပ ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေးမဟာမုနိ ပုံတော်ပွား ဂန္ဓကုဋိတိုက်အတွင်းရှိ

ကျိုက်ထီးဆောင်းဆရာတော်ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ခတ်ပေါင်းစုံ မော်ကွန်းကမ္ပည်းစာကြေးပြားတော်ကို ရတနာရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဇမ္ဗူ့ဥသျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ

ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင်တည်ထားကိုးကွယ်တော်မူသော ဇမ္ဗူ့ဥသျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များကို ဖူးတွေ့ရစဉ်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း



မဟာမုနိရုပ်ရှင်တော်မြတ်၏ ကိုယ်ပွားဆင်းတုတော်အား ရောင်တော်ဖွင့်ပူဇော်ပြီး ပန်းနှင့်ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် ရုပ်ပွားတော်အားလည်းကောင်း၊ ရှင်သီဝလိရဟန္တာမထေရ်မြတ်ရုပ်ပွားတော်အားလည်းကောင်း ရောင်တော်ဖွင့်ပူဇော်သည်။

ရောင်တော်ဖွင့်ပူဇော်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သတ္တဌာန ရုပ်ပွားဆင်းတုတော်များဖြစ်ကြသည့် ပလ္လင်္ကသတ္တာဟ၊ အနိမိသ သတ္တာဟ၊ စင်္ကမ သတ္တာဟ၊ ရတနာဃရ သတ္တာဟ၊ အဇပါလ သတ္တာဟ၊ မုစလိန္ဒ သတ္တာဟနှင့် ရာဇာယတန သတ္တာဟ ရုပ်ပွားဆင်းတုတော်များအား ရောင်တော်ဖွင့်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဓမ္မာရုံ ကျောင်းဆောင်တော်အထက်ရှိ စေတီတော်အား ဌာပနာတော်များထည့်သွင်းပူဇော်ပြီး စေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို နံ့သာရည်များ ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်ပြီး ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓမ္မာရုံကျောင်းဆောင်တော်၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံဓမ္မရာဇက ပုံတော်ပွားစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဆီမီးပူဇော်၍ ရွှေတိဂုံပုံတော်ပွားစေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင်ဓာတ်ပေါင်းစုံ မော်ကွန်းကမ္ပည်းစာကြေးပြားတော်ကို ရတနာရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထိုအချိန်တွင် သာသနာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရက ဇေယျမင်္ဂလာအောင်သြဘာစာတမ်းကို ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆရာတော်ဦးဆောင်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင်ဓာတ် ပေါင်းစုံစေတီတော်များ၏ ပရဝဏ်အတွင်း ဗန္ဓုရသရက်ပင်ကို စိုက်ပျိုးလှူဒါန်းပေးပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။ **(သတင်းစဉ်)**

☼ ကျောဖုံးမှ

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံအမတ်ကြီး Mr.Suphot Dhirakaosal လည်း တက်ရောက်သည်။

(သတင်းစဉ်)

တင်လှူပူဇော်

ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဓမ္မာရုံကျောင်းဆောင်တော်အထက်ရှိ စေတီတော်၏ အထွတ်တွင် ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

ပေါင်းလင်း(ငမိုးရိပ်ရေကူကန်) ရေလှောင်တမံစီမံကိန်း တည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်စစ်ဆေး

ရန်ကုန် မတ် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံသို့ရောက်ရှိပြီး ရေလှောင်တမံအောက်ပိုင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း ဌာနများအလိုက် စိုက်ပျိုးထားသော မြန်မာ့ဆေးဝါးပင်များစိုက်ခင်းမှ ရှားပါးဆေးဝါးပင်များကို တစ်အုပ်တစ်မစုစည်းစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ငမိုးရိပ်ရေလှောင်တမံအထက်ပိုင်း လှည်းကူးမြို့နယ် အုန်းနဲ့ပင်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော မကြာမီဖွင့်လှစ်တော့မည့် ပေါင်းလင်း(ငမိုးရိပ်ရေကူကန်) ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံစီးဆင်းရေများကို ထိန်းသိမ်းနိုင်ရန်အပြင် ငမိုးရိပ်ချောင်း၏ ရေစီးရေလာကို အပြည့်အဝအသုံးချနိုင်ရန်အတွက် ပေါင်းလင်း(ငမိုးရိပ်ရေကူကန်)ရေလှောင်တမံစီမံကိန်းတည်ဆောက်မှုလုပ်ငန်းများ အချောကိုင်အပြီးသတ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းများ သေသပ်ခိုင်ခံ့စွာပြီးစီးရေး၊ ရေသိုလှောင်ရေးကိစ္စတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တမံအလျား ၂၂၃၅ ပေ၊ တမံအမြင့်ပေ ၁၀၀ ရှိသည့် ပင်မတမံလုပ်ငန်း၊ သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲနှင့် ရေထုတ်ပြွန်တည်ဆောက်နေမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ပေါင်းလင်းချောင်းတစ်လျှောက်နှင့် ငမိုးရိပ်ချောင်းနှင့် ပေါင်းလင်းချောင်းဆုံရာ ချောင်းဘေးဝဲယာတစ်လျှောက်ရှိ ရေဝပ်ဧရိယာနှင့် ရေကျချိန်တွင် စိုက်ပျိုးအသုံးချနိုင်မည့် မြေဧရိယာများကို ကြည့်ရှုစစ်ဆေးပြီး ငမိုးရိပ်ရေထုတ်ပြွန်မှ နွေစပါးရေပေးနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(သတင်းစဉ်)

ဂုဏထာဝိသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး၏ နာယကစာချ (သ၊စ၊အ) ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဝိသိဋ္ဌဒီဃဘာဏက (ဒွိပိဋကဓရပိဋကတ် နှစ်ပုံဆောင်)ဘဒ္ဒန္တပညိန္ဒာဘိဝံသ မထေရ်မြတ်အား မွေးဇာတိမြေ ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ သုဓမ္မာနိကာယ မဟာပဝါရဏာဂိုဏ်းကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏထာဝိသိဋ္ဌ ပူဇော်ပွဲကို မတ် ၂၀ရက် မွန်းလွဲ ၁နာရီတွင် မြင်းကကုန်းမြို့ မင်္ဂလာရာမ ကန်ဦးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၂ဝ)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါးနှင့်သီလရှင် ဆရာကြီးတို့အား ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော တနင်္သာရီတိုင်းမှ ဆရာတော်ကြီးသုံးပါးနှင့် သီလရှင်ဆရာကြီးတို့အား မြိတ်အသင်း(ရန်ကုန်)က ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်(၆၈)ရှိ မြိတ်အသင်း(ရန်ကုန်)ခန်းမ၌ ကျင်းပရာ မြိတ်အသင်း(ရန်ကုန်)နာယကများ၊ အသင်းဥက္ကဋ္ဌယုဇန ဦးဌေးမြင့်နှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။**(ဝဲပုံ)**

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ကံမော်ရွာ ကဥ္စနာရာမကျောင်းဆရာတော် ဘဒ္ဒန္တကဥ္စနထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြိတ်အသင်း(ရန်ကုန်)ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြလှိုင်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင် ဦးမျိုးကြည်က မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်း မြိတ်မြို့ ကော့လိပ်ကုက္ကိုကျောင်း ဆရာတော် ဘဒ္ဒန္တတိလောက၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်း မြိတ်မြို့ ဘုရားငါးဆူ ကျောင်းဆရာတော်ဘဒ္ဒန္တကေသဝ၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်း ကျွန်းစု မြို့နယ် ကံမော်ရွာ ကဥ္စနာရာမကျောင်း ဆရာတော်ဘဒ္ဒန္တကဥ္စနနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သမိဒ္ဓေါဒယ မော်လမြိုင်သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဉာဏောဘာသီ တို့၏ ထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်သည်။

ယင်းနောက်မြိတ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ယုဇနဦးဌေးမြင့်၊ ဒေါ်အေးအေးမော် မိသားစုနှင့် အသင်းနာယကများ၊ အမှုဆောင်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အခြေခံ Molecular Biology ဆိုင်ရာသင်တန်းပို့ချမည်

ရန်ကုန် မတ် ၇

ဆေးပညာ စဉ်ဆက်မပြတ်ဆည်းပူးရေးစီမံချက်အရ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ ပို့ချမည့်အခြေခံ Molecular Biology ဆိုင်ရာသင်တန်း (An Introduction to Molecular Biology-Genomics and Proteomics)ကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ (B) ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မတ် ၁၃၊ ၁၄၊ ၂၀၊ ၂၁ ရက် လေးရက်သင်တန်းကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီ အထိကျင်းပမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသည့် ဆရာဝန်များနှင့် ကျောင်းသားကျောင်းသူများ၊ အခြားစိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာနတွင် ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ **(က-ပ)**

ရန်ကုန်မြို့ ၂၇ လမ်း အမှတ် ၁၆၈ နေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီ၊သား ဦးအောင်ထွန်း-ဒေါက်တာ စန်းစန်းရီ (အောင်သပြေ ဖယောင်းပုဆိုး ကုမ္ပဏီ)မိသားစုတို့က ပန်းတနော်မြို့ ပြည်သူ့ဆေးရုံ အင်မတိုက်နယ် ဆေးရုံ မင်းတစုတိုက်နယ်ဆေးရုံများသို့ ဆေးဝါးပစ္စည်းများ ကျပ်ခုနစ်သိန်းနှစ်သောင်းကျော်ဖိုးလှူဒါန်းပွဲကို မတ်၅ရက်က ပန်းတနော်မြို့ ပြည်သူ့ဆေးရုံသင်တန်းခန်းမဆောင်၌ ပေးအပ်စဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မတ် ၇

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ဓမ္မဟောဝန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၃၈၀)တွင် ၁၃၆၅ခုနှစ်တန်ခူးလဆန်း ၁၄ရက်မှ လပြည့်ကျော်၅ရက် (ဧပြီ၃ ရက်မှ ၉ရက်)ထိ သင်္ကြန်အကြို တရားစခန်းပွဲကျင်းပမည်ဖြစ်သည်။ စခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယအဖြစ် မြန်အောင်မြို့ မူလသာယာကုန်း ကျောင်းတိုက် ဦးဥတ္တရဝံသ (သာသန ဓဇသိရီပဝရဓမ္မာစရိယ)နှင့် ဘုရား သုံးဆူမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာမှ အရှင်ဝိသံမာဂရတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ပဋိစ္စသမုပ္ပါဒ်သင်တန်းပြအဖြစ် ကျိုက်မရောမြို့ အဖွဲ့ခွဲအမှတ် (၁၉၉)ဆရာဦးဇော်မင်း (ထေရဝါဒဗုဒ္ဓသာသနာပြု ဗုဒ္ဓဘာသာတရားတော်အထက်တန်းအဆင့်နည်းပြ)မှ တွဲဖက်ဆောင်ရွက်မည်ဖြစ်သည်။ တရားဝင်ရောက်အားထုတ်လိုသူများ ဖုန်း-၀၁-၃၆၂၁၈၇၆ သို့စာရင်းပေး သွင်းနိုင်ကြောင်းနှိုးဆော်ထားသည်။ **(က-ပ)**

မတ် ၇ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)ဝိုင်း ဝံသပါလကျောင်း ဆရာတော် ဘဒ္ဒန္တဇဝနအား အမှူးထား၍ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်က ၎င်း၏မွေးနေ့အလှူအဖြစ် စိတ်ကျန်းမာရေး ဆေးရုံ(ရန်ကုန်)ရှိ လူနာများအား ညနေစာကျွေးမွေးလှူဒါန်းရာ ဆေးရုံသူနာပြုအုပ် ဒေါ်ခင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

တီဘီရောဂါတိုက်ဖျက်ရေး မြန်မာ-ဂျပန်လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၇

ကျန်းမာရေးဝန်ကြီးဌာနအမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းနှင့် ဂျပန်နိုင်ငံတီဘီရောဂါတိုက်ဖျက်ရေးအသင်း Japan Anti-TB Association(JATA)တို့ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ သုံးနှစ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်၊သန်လျင်၊ကျောက်တန်းမြို့နယ်များနှင့် မန္တလေးတိုင်းအောင်မြေသာစံ၊ ချမ်းမြသာစည်၊ အမရပူရမြို့နယ်များ၌ ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မတ်၄ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ညွှန်ကြား ရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံတီဘီရောဂါတိုက်ဖျက်ရေးအသင်း Chairman; Board of Director Dr. Nakamura နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေနှင့် Dr. Nakamura က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းစီမံချက်မန်နေဂျာ ဒေါက်တာဝင်းမောင်နှင့် Dr. Nakamura တို့က ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၉ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ (၄၆)ရပ်ကွက်မှ သက်ကြီးပူဇော်ပွဲနှင့် ကလေးပြိုင်ပွဲကျင်းပရာ ရပ်ကွက်အသင်းခွဲဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က ဆုရကလေးတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

အောင်ဓမ္မ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၇

ကျေးဇူးရှင် အောင်မင်္ဂလာဆရာတော်ကြီး ဟောကြားပြသ ဆိုဆုံးမတော်မူခဲ့သော "ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ်" အောင်ဓမ္မသင်္ကြန်တရားစခန်းပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ ကသစ်ဝိုင် ဓမ္မရိပ်သာကြီး၌ ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့ အောင်ဓမ္မရိပ်သာ၌ ဧပြီ ၁၀ရက်မှ ၁၈ ရက်အထိ လည်းကောင်း ဖွင့်လှစ်၍ အောင်ဓမ္မ ဆရာတော် အရှင်ကေလာသနှင့် အောင်ဓမ္မအရှင် ကဝိန္ဒ အရှင်သူမြတ် နှစ်ပါးတို့က အောင်ဓမ္မဒေသနာများ ဟောကြားပြသဆိုဆုံးမမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများနှင့် အလှူရှင်များ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၀၄(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Grophical Presentation (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၇။ မြန်မာ့လက်သီး
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြင့်မြတ်နှလုံးသား"** (အပိုင်း-၂) ဇာတ်သိမ်းပိုင်း
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၁၈)

စစ်ကြောင်းကြီးများ တည်းခိုရာစခန်းများ၌ အငြိမ့်၊ စင်တင်တေးနှင့် ရုပ်ရှင်များဖြင့် ဖျော်ဖြေ

ရန်ကုန် မတ် ၇

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီစင်တင်တေးဂီတအဖွဲ့၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

ထိုသို့ ဖျော်ဖြေရာတွင် ဇရာဝတီ ရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတီရီယိုတေးသံရှင်များက လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲ ဖျော်ဖြေရေးအဖွဲ့က အငြိမ့်၊ အဆို၊ အက၊ ဟာသများဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်း စစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ အဖွဲ့ငယ်က အဆို၊အက၊ အငြိမ့်၊ ဟာသများဖြင့် လည်းကောင်း၊ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင် စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ မြန်မာ့ရုပ်ရှင်လုပ်ငန်း (မော်ကွန်းရုပ်ရှင်)မှ “မောင့်မူပိုင်ရှင်”မြန်မာရုပ်ရှင် ဇာတ်ကားဖြင့် လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ရေစကြိုဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသအား ပူဇော်ပွဲနှင့် ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၃)ရပ်ကွက် ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ရေစကြိုဆရာတော်)ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်ခံရခြင်း ပူဇော်ပွဲမင်္ဂလာ၊ (၄၉)နှစ်ပြည့်ဝိဇာတမင်္ဂလာနှင့် စာအောင်သံဃာတော်များ ပူဇော်ပွဲမင်္ဂလာကို (၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်)မတ် ၁၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ဝိဇာတမင်္ဂလာပူဇော်ပွဲ ကျင်းပရေးအဖွဲ့က ကြီးမှူးကျင်းပပြီး ပင့်သံဃာတော်များအား နံနက်စာဆွမ်းဟင်းလျာတို့ဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၁)ဖြန့်ချိ

ရန်ကုန် မတ် ၇

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အပတ်စဉ် ပုံမှန်ထုတ်ဝေနေသောနိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၄၁)ကို ယနေ့ဖြန့်ချိလိုက်သည်။ (အပေါ်ပုံ)

မီဒီယာခေတ် မကျန်ရစ်ဖို့ ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့်သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်လျက်ရှိသော နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် နယ်စားပယ်စားများ ကြီးစိုးသည့် အာဖဂန်နစ္စတန်၊ ကင်ညာနိုင်ငံအကြောင်းသိကောင်းစရာ၊တစ်ပတ်အတွင်း သတင်းမှတ်စု၊ လွတ်လပ်စွာကုန်သွယ်ရေးနှင့် ပုစွန်ပို့ကုန်၊ ဗီယက်နမ်စစ်၏ ဆိုးမွေ၊ ကားထုတ်လုပ်သူများ၏ အမြင်သစ်၊ မုန်တိုင်းထန်သည့် ဟောတီကျွန်းနိုင်ငံ၊ ဘင်လာဒင်ရှာပုံတော်၊ နိုင်ငံတကာဟာသ၊ အေသင်အိုလံပစ်၊ စစ်ကာလ ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ မြောက်ဝင်ရိုးစွန်းတွင် ပိတ်မိနေသော သိပ္ပံပညာရှင်များကို ကယ်တင်ခြင်း၊ ကမ္ဘာ့အသက်ကြီးဆုံး အဘိုးအို၊ တရုတ်ပြည် ကာကွယ်ရေးစရိတ်၊ ဘာသာပြန်ပေးမည့် စက်ရုပ်၊ အော်စကာဖြင့် ပေါ်လာသူများ စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် JCCYဥက္ကဋ္ဌ တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၇

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူးဦးစိန်ဝင်းလှိုင်တို့အား ရန်ကုန်မြို့ရှိ Japanese Chamber of Commerce Yangon(JCCY)မှ မကြာမီ တာဝန်ပြီးဆုံး၍ ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာတော့မည့် ဥက္ကဋ္ဌ Mr. Takehiko Arai သည် ဥက္ကဋ္ဌရာထူးကို ဆက်လက်တာဝန်ထမ်းဆောင်မည့် Mr. Katagiri Kiyoyoshi နှင့် အဖွဲ့ဝင်နှစ်ဦးလိုက်ပါလျက် မတ် ၃ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့်နိုင်ရန်အတွက် UMFCCI နှင့် JCCYတို့ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ 6th Joint Meeting of JMBCCကို လွန်ခဲ့သော ဖေဖော်ဝါရီ ၅ရက်တွင် တိုကျိုမြို့၌ ကျင်းပစဉ် UMFCCI မှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး JCCI, JICA, JETRO အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည့်ကိစ္စ၊ ရန်ကုန်မြို့တွင် လုပ်ငန်းဆောင်ရွက်လုပ်ကိုင်နေသော ဂျပန်ကုမ္ပဏီများအားအကူအညီပေးနေသည့်ကိစ္စ၊ JCCY ဥက္ကဋ္ဌ ရာထူးတာဝန်ကို လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ်၇ရက်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ခန်းမတွင်မူလတန်းအဆင့်သင်ယူ ပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက စတုတ္ထတန်းကျောင်းသူ မသံစဉ်စွဲမက်အောင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၂၅၉)

ဂုဏပူဇာသဘင်ဆင်ယင်ကျင်းပမည်

ရန်ကုန် မတ် ၇

၂၀၀၄ ခုနှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဟင်္သာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်မှ စာချ ဂဏဝါစက ဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဂုဏ်ပြုပူဇော်ပွဲ ဂုဏပူဇာသဘင်ကို မတ် ၂၁ ရက်(တနင်္လာနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ၄၅ လမ်း ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည် ဖြစ်သည်။

ဂုဏ်ပြုပူဇော်ပွဲသို့ ဒါယကာ ဒါယိကာမများ မပျက်မကွက်ကြွရောက်ကြည်ညိုလှူဒါန်းပူဇော်ကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးတင်ရှိန် ဖုန်း-၂၂၀၇၈၄၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊ ၂၅၃၁၁၀၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဒေါ်ညွှန့်ညွှန့် ဖုန်း-၂၄၅၃၉၅ တို့ထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

အထက(၄)တာမွေ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၇

အထက(၄)တာမွေတွင် ၁၉၆၅ခုနှစ်မှ၂၀၀၄ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူဟောင်းများကြီးမှူး၍ မတ် ၂၁ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် မြတ်ပန်းသဇင်ခန်းမ၌ အသက် (၆၀)နှင့်အထက် ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဒေါ်လှစိန် ဖုန်း-၅၇၃၃၇၂၊ ဒေါ်မြင့်မြင့်ဆွေ ဖုန်း-၅၄၅ ၆၉၉၊ ဒေါ်ခင်အေးမော် ဖုန်း-၂၉၅၇၈၄၊ ဒေါ်လဲ့လဲ့ဝင်းဆွေ ဖုန်း- ၂၉၈၆၈၃ နှင့် ဒေါ်စုစုစိန် ဖုန်း-၅၄၂၆၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

စကားဝါမြေဆရာတော် တရားပွဲ

ရန်ကုန် မတ် ၇

ရန်ကုန်မြို့ လှိုင်မြို့နယ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်နာယက စာချ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါ မြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် မတ်၉ရက်တွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ဇေယျာသီရိကျောင်းတိုက်၌ လည်းကောင်း၊ မတ်၂၄ရက်တွင် လှိုင်သာယာမြို့နယ် (၁)ရပ်ကွက် တပင်ရွှေထီးလမ်း ဓမ္မပူဇာပွဲ၌ လည်းကောင်း၊ မတ်၃၁ရက်တွင် မင်္ဂလာဒုံမြို့နယ် (၂/ခ)ရပ်ကွက်ရှိ ပန်းခြံကုန်းကျောင်းတိုက် တဝဂူဆုတောင်းပြည့်စေတီရွှေထီးတော်တင်လှူပွဲနှင့် ဆရာတော်ဘဒ္ဒန္တဇာဂရ၏ ဝိဇာတမွေးနေ့ပွဲ၌လည်းကောင်း၊ ဧပြီ၂ရက်တွင် လှိုင်သာယာမြို့နယ် (၁) ရပ်ကွက် ဦးဥတ္တမလမ်း ဓမ္မပူဇာပွဲ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

မင်္ဂလာဒုံမြို့နယ် အမက(၂၇) ပညာရည်ချွန် ဆုပေးပွဲ၊ ဘက်စုံဖွံ့ဖြိုးရေး အလှူငွေ ပေးအပ်ပွဲ နှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မူလတန်းဆင့်ပညာသင်ယူ ပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာ ကြီးဦးစောလွင်က တတိယတန်းမှ အုပ်စုအဆင့် လူမှုရေးဘာသာ ပထမဆုနှင့် ကျောင်းအဆင့် အင်္ဂလိပ်ဘာသာထူးချွန်ဆုရရှိသူ မောင်ခန့်ကျော်စွာအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ဗိုလ်ချုပ်လှမြင့်ဆွေ ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းစစ်ဆေး

ရန်ကုန် မတ် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့သည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှတာဝန်ရှိသူများနှင့် လေကြောင်းပို့ ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်တို့ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ခန္တီးလေဆိပ်သို့ ရောက်ရှိကြသည်။

ဝန်ကြီးများအား ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်း အင်ဂျင်နီယာ ဦးဝင်းလွင်နှင့် တာဝန်ရှိ သူများက လေယာဉ်ပြေးလမ်း တိုးချဲ့ ခြင်း လုပ်ငန်းတွင် အသုံးပြုလျက် ရှိသော စက်ယန္တရားများအခြေအနေ၊ လမ်းခင်းကျောက်ရရှိမှု၊ စုဆောင်း ထားရှိမှု၊ မြေကြီးလုပ်ငန်းပြီးစီးမှု၊ စက်သုံးဆီ ရရှိသုံးစွဲမှု အခြေအနေ၊ နှစ်အလိုက် ရန်ပုံငွေရရှိ သုံးစွဲမှုအခြေ အနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြ သည်။

ထို့နောက် နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေက ကျောက်ရရှိရေး နှင့် စက်သုံးဆီရရှိရေး ပံ့ပိုးဆောင်ရွက် ပေးမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး အနောက်မြောက် တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ခင်မောင်အုန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများက သက်ဆိုင်ရာ လုပ်ငန်းများ ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး များက ပွင့်လင်းရာသီ မိုးမကျမီ လုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင် ရွက်ကြရေး မှာကြားပြီးလိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ပေးသည်။

ထို့နောက် ဝန်ကြီးများနှင့် အဖွဲ့ သည် လေယာဉ်ပြေးလမ်းအနောက် တောင်ဘက် ကျောက်ကတ္တရာခင်း ခြင်းလုပ်ငန်းနှင့် စက်ယန္တရားများဖြင့် မြေဖို့၊ မြေညှိခြင်း လုပ်ငန်းဆောင် ရွက်မှုများကိုလည်းကောင်း၊ လေယာဉ် ပြေးလမ်းတစ်လျှောက်ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ခန္တီးလေယာဉ်ကွင်း၏ မူလ လေ ယာဉ်ပြေးလမ်းမှာ ကျောက်ရောမြေ ခင်းပြေးလမ်းဖြစ်ပြီး အရှည်ပေ ၄၂၀၀၊ အကျယ်ပေ ၁၀၀ ရှိသည်။

ယခုတိုးချဲ့မည့်လေယာဉ် ပြေးလမ်း မှာ ကျောက်ကတ္တရာ ခင်းအမျိုးအစား ဖြစ်ပြီး အရှည်ပေ ၅၆၀၀နှင့် အကျယ် ပေ ၁၀၀ ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှုများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ပြည်သူများစုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်း လင်းတို့သည် နံနက်၆နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် လသာမြို့နယ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက် နှင့် အာရုံကြောခွဲစိတ်ကုဌာနသို့ လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်း ကြား ဗိုလ်ဆွန်ပက်လမ်း၊ လမ်းမတော် မြို့နယ် အနော်ရထာလမ်းတစ်လျှောက် **(ယာပုံ)**ကိုလည်းကောင်း၊ အလုံမြို့နယ် ကွင်းချောင်းလမ်း၊ သိပ္ပံလမ်း၊ စက် ကွင်းလမ်းနှင့် မြောင်းကြီးလမ်းတို့၌ သန့်ရှင်းသပ်ရပ်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း ပတ်

လည်လမ်းများကို လည်းကောင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန် စေရန် အမှိုက်နှင့်နုန်းများ ဆယ်ယူ နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်း လင်းတို့က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသပ်ရပ်စေရေးနှင့် ရေစီးရေလာကောင်း မွန်စေရေးအတွက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်း များ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများကို ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် စုပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု
ပန်းချီ၊ပန်းပုပြိုင်ပွဲတွင် ဆုရသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၇

၂၀၀၄ ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ် ကော်မတီက ပန်းချီ၊ ပန်းပုပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပန်းချီ၊ ပန်းပုပြိုင်ပွဲအဆင့် အသီးသီး၌ ဆုရရှိသူများစာရင်းကို ယမန်နေ့ကထုတ်ပြန်ကြေညာသည်။

မူကြိုအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မစုနန္ဒာအောင် မူကြို(၄) အလုံ၊ ဒုတိယဆုကို မအေးချမ်းပွင့်ဖြူ အမှတ်(၃)အခြေခံပညာမူကြို၊ တတိယဆုကို မောင်သော်သူနိုင်ဝေ အမှတ်(၃) အခြေခံပညာမူကြို၊ အထူးဆုများ အဖြစ် မောင်အောင်ကောင်းမြတ် မူကြို(၁) ဗဟန်း၊ မောင်ပြည့်ဖြိုးထွန်း အထက (၂) သော်ကကျောင်း ကျောက်တန်း၊ မသက်နုခင် မူကြို(၄)အလုံ၊ မပတ္တမြား ခင် မူကြို(၄)အလုံ၊ မနှင်းနှင်းထွေး ကလေးပြုစုရေး ထောက်ကြံ့တို့က ရရှိကြသည်။

မူလတန်း(အငယ်)အဆင့်

မူလတန်း(အငယ်)အဆင့် ပန်းချီ ပြိုင်ပွဲတွင် ပထမဆုကို မောင်ရဲဟိန်း ဆက် ဒုတိယတန်း မြို့မ အလက ကျောက်တန်း၊ ဒုတိယဆုကို မောင် သိင်္ဂါ သန်းဝေ ပထမတန်း အလက(၄) တောင်ဥက္ကလာပ၊ တတိယဆုကို မမေ ထူးမြတ်မွန် ဒုတိယတန်း မြို့မအလက ကျောက်တန်း၊ အထူးဆုများအဖြစ် မငြိမ်းဆုသာ ဒုတိယတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မမြတ်သီရိထွန်း ပထမတန်း အထက(၂)လသာ၊ မောင်ထက် အောင်ရှိုင်း ဒုတိယတန်း ပညာရေး ကောလိပ် လေ့ကျင့်ရေးကျောင်း သင်္ဃန်းကျွန်း၊ မောင်ထက်လင်းစံ ဒုတိယတန်း အမက(အရှေ့) ကျောက် တန်း၊ မောင်ပြည့်ဟိန်းထက် သူငယ်တန်း အထက(၁)ဒဂုံတို့က ရရှိကြသည်။

မူလတန်း(အကြီး)အဆင့်

မူလတန်း(အကြီး)အဆင့် ပန်းချီ ပြိုင်ပွဲတွင် ပထမဆုကို မဆုပြည့်ပြည့်စံ တတိယတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆုကို မောင်ဇင်ဝေအောင် စတုတ္ထတန်း အထက(၁)ဒဂုံ၊ တတိယ ဆုကို မောင်အောင်ပိုင်စိုး စတုတ္ထတန်း အလက(၂)ပဲခူး၊ အထူးဆုများအဖြစ် မောင်တိုးဝေယံ တတိယတန်း အထက(၆)ဗိုလ်တထောင်၊ မောင်စည်သူအောင် စတုတ္ထတန်း အမက(၃၂) တာမွေ၊ မောင်ကျော်သီဟ စတုတ္ထတန်း အထက(ခွဲ) နတ်ကြီးချောင်း ကျေးရွာ ပေါင်မြို့နယ် မွန်ပြည်နယ် မဆုယမင်း တတိယတန်း အထက (၁) ဒဂုံ၊ မောင်ထက်နိုင်လင်း စတုတ္ထတန်း အထက(၁)ဒဂုံတို့က ရရှိကြ သည်။

အလယ်တန်းအဆင့်

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မခိုင်မြတ်မျိုး ထွန်းလင်း ဆဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆုကို မောင်ထင်ကျော်ကောင်းထက် သတ္တမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ တတိယဆုကိုမောင်နေမျိုးဦး ပဉ္စမတန်း အထက(၆) ဗိုလ်တထောင်၊ အထူးဆုများအဖြစ် မသင်ဇာလွင် သတ္တမတန်း အထက(၂) လသာ၊ မောင်အောင်နိုင်ဦး သတ္တမတန်း ပညာရေး တက္ကသိုလ် လေ့ကျင့်ရေး ကျောင်း ကမာရွတ်၊ မမြတ်သီရိမောင် ပဉ္စမတန်း အလက(၁) ရန်ကင်း၊ မောင်ကောင်းထက် ဆဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်း ကမာရွတ်၊ မဆုမြတ်နိုး သတ္တမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ကျောင်း ကမာရွတ်တို့က ရရှိကြသည်။

အထက်တန်းအဆင့်

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မောင်ဇင်ကိုကို အဋ္ဌမတန်း အထက(၄) အလုံ၊ ဒုတိယဆုကို မရှယ်လီဝင်း နဝမတန်း အထက(၅) ဗိုလ်တထောင်၊ တတိယဆုကို မဆုဝင်းထိုက် ဒသမတန်း အထက(၁)ဒဂုံ၊ အထူးဆုများအဖြစ် မဝင်းသူဟန် နဝမတန်း အထက(၂) လသာ၊ မောင်ကောင်းမြတ်မင်းစိုး နဝမတန်းပညာရေးတက္ကသိုလ်လေ့ကျင့် ရေးကျောင်း ကမာရွတ်၊ မမိမိချိုသန်း နဝမတန်းအထက(၂) ရန်ကင်း၊ မောင်ဆုပိုင်ထွန်း အဋ္ဌမတန်း အထက (၁) သန်လျင်၊ မောင်ဖြိုးဇင်လတ် အဋ္ဌမတန်း မြို့မအလက ကျောက်တန်းတို့က ရရှိကြသည်။

အလွတ်တန်းအဆင့်

အလွတ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပထမဆုကို ဦးကျော်မြင့်နိုင် အမှတ် (၇/၁၅၉) ဦးပန်းဖြူလမ်း တောင်ငူ၊ ဒုတိယဆုကို မကေသီနွယ်(မေသုဝံ) တိုက်(၁၀၈)လေးထပ် ယာခန်းစဥ့်အိုးတန်းလမ်း၊ တတိယဆုကို မောင်စည် သူအောင် တတိယနှစ် (စီးပွားရေး) အမှတ်(ဃ/၁၇၂) အောင်သပြေလမ်း၊ ဦးအေးမြင့် သရက်မော်(၂)ရပ်ကွက် တောင်ငူ၊ အထူးဆုများအဖြစ် မောင်ရဲ ကျော်စွာ အမှတ်(၁၇၇) ဝဇီယာ(၄)လမ်း၊ ဦးသိန်းကျော် အမှတ် (၁၃၇) (၈)လမ်း(၃)ရပ်ကွက် တောင်ဥက္ကလာ၊ ဦးမောင်ဦး အမှတ်(၈) ကိုယ့်မင်း ကိုယ်ချင်းလမ်း ဗဟန်း၊ ဦးဝင်းစိန် အမှတ်(၃)ရပ်ကွက် ဦးကာလမ်း တောင်ငူတို့က ရရှိကြသည်။

အလွတ်တန်းအဆင့်(ပလာစတာ)

အလွတ်တန်းအဆင့်(ပလာစတာ) ပန်းပုပြိုင်ပွဲတွင် ပထမဆုကို မမွန်မွန် မြတ် စတုတ္ထနှစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ဒုတိယဆုကို မောင်ရဲဝံ့စိုး အမှတ် (၉၁၁) တပင်ရွှေထီးလမ်း (၁)ရပ်ကွက် သမိုင်း၊ တတိယဆုကို မောင်ကျော်ကြည်စိုး ဆားခါးရွာ ဆားလင်းကြီးမြို့နယ်၊ အထူးဆုများ အဖြစ် မောင်ခင်မိုးထွဋ် ကမ္ဘောဇရိပ်သာဝင်း ဗဟန်း၊ မောင်စိုးမြင့်သူ စတုတ္ထနှစ် ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)၊ မောင်အောင်ဇော်ဇော်ငြိမ်း တိုက်(၈) အခန်း(၃၀၆) အောင်ဇေယျအိမ်ရာ ဒဂုံမြို့သစ်တောင်ပိုင်း၊ မောင်ညီမင်း ရိုးရာ ပန်းပညာရှင်များအစည်းအရုံး ပဲခူး၊ ဦးကျော်စွာဝင်း ရိုးရာပန်းပညာရှင်များ အစည်းအရုံး ပဲခူးတို့က ရရှိကြသည်။

အလွတ်တန်းအဆင့် (သစ်သား)

အလွတ်တန်းအဆင့် (သစ်သား) ပန်းပုပြိုင်ပွဲတွင် ပထမဆုကို ကိုသောင်း ထိုက် ဒါးပိန်၊ ဒုတိယဆုကို ကိုမျိုးမင်းအောင် ဒါးပိန်၊ တတိယဆုကို ကိုဇော်လတ် ဒါးပိန်၊ အထူးဆုများအဖြစ် ကိုသိန်းဇော် အမှတ်(၂၂၇) သစ္စာလမ်း (၃၉ A) ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးတင်ညွှန့် ဒါးပိန်၊ မောင်ရာဇာဦး ဒါးပိန်၊ ဦးဌေးလွင် ဒါးပိန်၊ ဦးရွှေဝင်းသန့် ဒါးပိန်တို့က ရရှိကြသည်။

ပါဝင်ယှဉ်ပြိုင်ခဲ့

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ် သိပ္ပံများမှ ကျောင်းသားကျောင်းသူများနှင့် ပန်းချီပန်းပု ပညာရှင်များသည် အထူး စိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ပေးပို့ကြရာ ပြိုင်ပွဲဝင် ပန်းချီကား စုစုပေါင်း ၆၅၇ကား ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပန်းပုပြိုင်ပွဲတွင် သစ်သားပန်းပု ၇၁ရုပ်နှင့် ပလာစတာ ပန်းပု ၂၉ရုပ် စုစုပေါင်း ၁၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း တွေ့ရှိရသည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုလက်ရာ များသည် အနုပညာလက်ရာ အရည် အသွေး ပိုးမိုတိုးတက်မြင့်မားလာသည့် အလျောက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်ကို ပေါ်လွင်အောင် ဖော်ကျူး၍ ပြည်သူနှင့် တစ်သားတည်းဖြစ်သော ပြည်သူ့ တပ်မတော်ကို ပေါ်လွင်ထင်ရှားအောင် ရသမြောက် ဖန်တီးရေးဆွဲထုလုပ် ယှဉ်ပြိုင်ထား ကြကြောင်း တွေ့ရှိရသည်။

မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိ မာန် ရှင်သန်ထက်မြက်စေရေးနှင့် တိုင်းချစ်၊ ပြည်ချစ်စိတ် အမျိုးသားရေး အားမာန်များကို တိုးပွားရှင်သန်စေသော လက်ရာများ ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရသည်။

ပန်းချီ၊ ပန်းပုပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများ အား ၂၀၀၄ခုနှစ် မတ်၂၇ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပ မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အထူး ဆုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနား များတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ပေးပို့ကြရမည်

ပန်းချီ၊ပန်းပုပြိုင်ပွဲအဆင့်အသီးသီး၌ ဆုရရှိသူများ အားလုံးသည် (၁လက်မ ခွဲ x ၂ လက်မ)အရွယ် ကိုယ်တစ်ပိုင်း ရောင်စုံဓာတ်ပုံနှစ်ပုံကို မတ်၁၅ ရက် အရောက် အတွင်းရေးမှူး ပန်းချီ၊ပန်းပု ပြိုင်ပွဲ ပြပွဲကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သီဟသုဓမ္မဇောတိကဓဇဘွဲ့ရ ဦးအေးလွင်(ကျောက်ပန်းတောင်း)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား ကျောက်ပန်းတောင်းမြို့နယ်အသင်းက ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးအား ကျောက်ပန်းတောင်းမြို့နယ်အသင်းက ပူဇော်ပွဲနှင့် သီဟသုဓမ္မဇောတိကဓဇဘွဲ့ရ ဦးအေးလွင်(ကျောက်ပန်းတောင်း)နှင့် ထူးချွန်ဆုရ ပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခမ္မာရုံ၌ ယနေ့မွန်းတည့် ၁၂နာရီတွင် ကျင်းပသည်။

မွှက်ကြား

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ရှစ်ပါးသီလ ချီးမြှင့်တော်မူပြီးအလိုတော်ပြည့်ဆရာတော်က ဩဝါဒကထာမြွက်ကြားတော်မူသည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွှန့်မြိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အသင်း အသင်းသား အသင်းသူများက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်နှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အသင်းဥက္ကဋ္ဌ ဦးမောင်မောင်က ပူဇော်ရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

မှတ်တမ်းလွှာ

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က သီဟသုဓမ္မဇောတိကဓဇဘွဲ့ရ ဦးအေးလွင်နှင့် ထူးချွန်ဆုရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပြီး ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူငယ်များပြုစုပျိုးထောင်ရေး အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အခမ်းအနား မူဆယ်မြို့၌ ကျင်းပရာ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း ရွှေပန္နက်၊ ငွေပန္နက်တိုင် စိုက်ထူပေးစဉ်။ (မူးယစ်ဗဟို)

လူငယ်ပြုစုပျိုးထောင်ရေးဌာနအဆောက်အအုံဆောက်ရန် မူဆယ်မြို့နယ် တီးမကျေးရွာ၌ ပန္နက်တင်မင်္ဂလာကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏အစီအစဉ်ဖြင့် တည်ဆောက်သွားမည့် လူငယ်များပြုစုပျိုးထောင်ရေးဌာန အဆောက်အအုံပန္နက်တင်မင်္ဂလာ အခမ်းအနားကို မတ်၄ရက် နံနက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာအုပ်စု တီးမကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ မူးယစ်ဗဟိုအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မူးယစ်ဗဟိုရုံးညွှန်ကြားရေးမှူး ရဲမှူးကြီးစစ်အေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဒေသခံတိုင်းရင်းသားများ စုစုပေါင်းအင်အား ၁၀၀၀ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း သင့်လျော်မည့် ဒေသတစ်ခုခုတွင် မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်မှု ပြုလုပ်ပေးမည့်ဌာနတစ်ခု ဖွင့်လှစ်သွားရေးကို ၂၀၀၃ ခုနှစ် စက်တင်ဘာ ၇ ရက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကျင်းပသည့် မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၃)တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ယနေ့ အခမ်းအနားကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာအုပ်စု တီးမကျေးရွာအနီးမြေနေရာကိုရွေးချယ်ပြီး မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးမည့်ဌာန တစ်နည်းအားဖြင့် လူငယ်များ ပြုစုပျိုးထောင်ရေးဌာန တစ်ခုဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းကူညီပံ့ပိုး

ဆက်လက်၍ ရဲမှူးချုပ်ဇော်ဝင်းက ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု မရှိအောင် ဆောင်ရွက်နိုင်ရုံဖြင့် မူးယစ်ဆေးဝါး ကင်းစင်သည့် ဒေသ၊ မူးယစ်ဆေးဝါးကင်းစင်သည့် နိုင်ငံအဖြစ် သတ်မှတ်နိုင်မည် မဟုတ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကိုလည်း အခြားတစ်ဖက်မှဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်အောင် ဆောင်ရွက်ရာတွင် လက်ရှိ မူးယစ်ဆေးဝါး သုံးစွဲနေသူများအား ဆေးဖြတ်ကုသမှု လုပ်ငန်းဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်လှပါကြောင်း၊ အဆိုပါ လိုအပ်ချက်ကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ မူဆယ်မြို့နယ် တီးမကျေးရွာတွင် လူငယ်များ ပြုစုပျိုးထောင်ရေးဌာနတစ်ခု ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဌာနတည်ဆောက်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးပြီး ဌာနစတင်ဖွင့်လှစ်သွားနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

လုပ်ငန်းစဉ်များရှင်းလင်း

ဆက်လက်၍ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညိုဝင်းမြင့်က မူးယစ်ဆေးစွဲသူများအတွက် ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်မှုပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်း ပြောကြားသည်။

ပန္နက်တိုင်စိုက်ထူ

အစီအစဉ်အရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မူးယစ်ဗဟိုရုံး ညွှန်ကြားရေးမှူး ရဲမှူးကြီးစစ်အေး၊ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး စိုးဝင်းတို့ ဦးဆောင်ပြီး နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်တို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူ ၁၀ ဦးတို့က မူဆယ်မြို့နယ် တီးမကျေးရွာ လူငယ်များပြုစုပျိုးထောင်ရေးဌာန အဆောက်အအုံအတွက် ရွှေပန္နက်၊ ငွေပန္နက်တိုင်များ စိုက်ထူပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၇ ရက်က ဗဟန်းမြို့နယ် အမှတ် (၁၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်ဆွေက စတုတ္ထတန်း(က)မှ မောင်စိုးဝေယံလင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၇

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်၈နာရီက သိမ်ကြီးဈေး မဟာသိမ်တော်ကြီးတွင်ကျင်းပရာ အသင်းသူအသင်းသားများတက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီးနောက် အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွား ၈၇ဦးတို့အား ကန်တော့ကြသည်။ ထို့နောက် အသင်းအမှုဆောင်ဦးအံ့ကျော်(ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန)က ဝါးခယ်မမြို့တွင် အသင်းအဆောက်အအုံသစ် ဆောက်လုပ်ရေး၊ Multimediaပစ္စည်းစုံပါဝင်သည့် သုံးထပ်ကျောင်းတစ်ဆောင် ဆောက်လုပ်ရေး၊ ပရိယတ္တိစာသင်တိုက်ကြီးတစ်ဆောင် ဆောက်လုပ်ရေး၊ အဆင့်မြင့် ခွဲစိတ်ခန်းနှင့် ခေတ်မီ ဆေးရုံသုံးပစ္စည်းစသည် ပါဝင်သည့် ဆေးရုံကြီးတစ်ရုံ ဆောက်လုပ်ရေး၊ မြစ်ရေသယ် ရေပိုက်လိုင်းများ မြို့တွင်းရပ်ကွက်များဆီသို့ သွယ်ယူရေး စသည်တို့အတွက် ထည့်ဝင်လှူဒါန်းမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ သဘာပတိက ယင်းလုပ်ငန်းများအတွက် လှူဒါန်းခဲ့ကြသော ဦးအံ့ကျော်(မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဦးအိုက်ထွန်း(အိုလံပစ် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဒေါက်တာဇော်ထွန်း၊ ရွှေသံလွင်ဦးကျော်ဝင်းတို့အား လည်းကောင်း၊ ဒေါက်တာဘွဲ့ဆွတ်ခူးရရှိသူ ဦးချစ်ဆိုင်(ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဘူမိဗေဒဌာန)၊ စီမံထူးချွန်ဆုရရှိသူ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ဒုတိယဗိုလ်မှူးကြီးမျိုးလွင်၊ လူမှုထူးချွန်ဆုရရှိသူ အဆိုတော်ထားနှင့် ဦးစိုးဟန်(တရုတ်-မြန်မာပရိဘောဂစက်ရုံ)တို့အားလည်းကောင်း ကမ္ပည်းမော်ကွန်းတင်ဆုတံဆိပ်များ ချီးမြှင့်သည်။ အမှုဆောင်များကလည်း တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသူကျောင်းသားလေးဦးတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြပြီး အစည်းအဝေးကို နံနက် ၁၁နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (က-ပ)

ကြာအင်းဆိပ်ကြီး အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၇

ကျေးဇူးရှင်ဆရာမကြီးဒေါ်လှရင်အား အမှူးထား၍ ကြာအင်းဆိပ်ကြီး အထက၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဧပြီ၄ရက် နံနက်၈နာရီတွင် ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲတွင် အရဏ်ဆွမ်းကပ်လှူခြင်း၊ မိတ်ဆုံညစာစားပွဲ ကျင်းပခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရောက် မြတ်ဆရာများနှင့် တပည့်များကိုယ်တိုင် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အသေးစိတ်သိရှိလိုပါက စောဆာလောလ (ကျွန်းဆွယ်ရွှေတံဆိပ်ရှင်) ကြာအင်းဆိပ်ကြီးမြို့၊ စောဝင်းမောင် ဖုန်း-၀၉-၈၀-၃၀၆၇၁၊၀၁-၂၂၃၁၇၁ ရန်ကုန်မြို့၊ ဦးထွန်းလွင် ဖုန်း- ၇၂၄၇၁၃ ရန်ကုန်မြို့၊ ဒေါ်ခင်အေးဝင်း ဖုန်း-၀၁-၂၀၀၁၄၀ ရန်ကုန်မြို့၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၅၇- ၂၄၈၅၁ ကြာအင်းဆိပ်ကြီးမြို့၊ စောထွဋ်ခေါင်လွင် ဖုန်း-၀၅၇- ၂၅၇၈၃ ကြာအင်းဆိပ်ကြီးမြို့၊ ဗိုလ်ကြီးလှအောင်(ငြိမ်း) ဖုန်း-၀၁-၅၂၇၀၆၅ ရန်ကုန်မြို့တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မန္တလေးအသင်း(ရန်ကုန်)ဂုဏ်ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၇

မန္တလေးအသင်း(ရန်ကုန်)၏နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပူဇော်ပွဲတွင် မန္တလေးမြို့မှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်များဖြစ်ကြသော မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တ ဝိစိန္တာဝံသ၊ မူလဆီးဘန်းနီ တိုက်ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒနှင့် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ကေသဝအရှင်သူမြတ်တို့အား ယနေ့နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်းတိုက်ခန်းမတွင် ဂုဏ်ပူဇော်ပွဲကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဂုဏ်ပူဇော်ပွဲတွင် မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော်က ကိုးပါးသီလချီးမြှင့်ပြီး မန္တလေးအသင်းဥက္ကဋ္ဌနှင့် အသင်းသူ အသင်းသားများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အသင်းဝင်များတွေ့ဆုံ၊ အလှူငွေပေးအပ်

ရန်ကုန် မတ် ၇

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ မတ်လအသင်းဝင်များတွေ့ဆုံသည့်နေ့အခမ်းအနားနှင့်အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်၁၀နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ M.W.E.A Tower လေးလွှာရှိ အသင်းအစည်းအဝေးခန်းမတွင် ကျင်းပရာ အသင်းတည်ထောင်သူအကြံပေး ဒေါ်ရီရီမြင့်၊ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့်အမှုဆောင်များ၊ အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါ်လှဝတီက ဆောင်ရွက်ပြီး အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

Mastech- Service Orcented Companyမှ လုံခြုံရေးဆိုင်ရာ Security and Alarm Systemစနစ်ကို လက်တွေ့လုပ်ဆောင်ပြသပြီး ဆလုံပွဲတော်ခရီးစဉ် သွားရောက်သူများမှ ကျပ်နှစ်သိန်းသုံးသောင်းကိုးထောင်တန်ဖိုးရှိ Leeco°Dralder,Cabinet နှင့် file များကိုလည်းကောင်း၊ Mastech Co. မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခေမာညွန့်က အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ အသင်းအကြံပေး ဒေါ်ရီရီမြင့်နှင့် အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်တို့က လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စိတ္တရကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဒေါ်မြလေးနွယ်နှင့် ဒါရိုက်တာ ဒေါ်မိမိညိမ်းတို့က ကုမ္ပဏီ၏ ၁၀နှစ်ပြည့် အထိမ်းအမှတ်နှင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီကလက်ခံရယူသည်။ **(အောက်ပုံ)**

ထို့နောက် အသင်းဝင်သစ်များနှင့် မိတ်ဆက်ပေးသည့် အစီအစဉ်ကို ဆောင်ရွက်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(မြန်မာ့အလင်း)

အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၇

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆုထူးပန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ဦးဆောင်ပဓာနပြု၍ သင်တန်းမှူးဆရာတော်များဖြစ်ကြသောဘဒ္ဒန္တကဝိန္ဒ (သာသနဓဇ ဓမ္မာစရိယ ဉာတောဝိဘင်္ဂရေ၊ ဝိနယဝိဂူ)နှင့် ဘဒ္ဒန္တလာဘ (သာသနဓဇ ဓမ္မာစရိယ၊ B.A) တို့က မတ် ၁၄ ရက်မှစ၍ နေ့စဉ် နံနက် ၈နာရီတွင် တာမွေမြို့နယ် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန် ပရိယတ္တိစာသင်ကျောင်းတိုက် အတုလကာရီသိမ်ကျောင်းအပေါ်ထပ်တွင် လည်းကောင်း၊ မွန်းလွဲ၂နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဗြဟ္မဝိဟာရကျောင်း ဓမ္မာရုံတွင်လည်းကောင်း နွေရာသီအခြေခံယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ဖုန်း- ၀၁-၅၄၅၉၈၀နှင့် ၀၁-၅၄၆၁၀၈ တို့သို့ ကြိုတင်စာရင်းပေးသွင်း တက်ရောက်သင်ကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် မတ် ၇

ယနေ့မွန်းလွဲ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း မြောက်ပိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေး
တို့၏သား

ဒေါက်တာဇင်မောင်လွန်း M.B.,B.S(Ygn)

နှင့်

ဦးထိန်ဝင်း(ဥက္ကဋ္ဌ၊ မြစ်မခကုမ္ပဏီများအုပ်စု)-ဒေါ်မြင့်မြင့်တို့၏ တူမ
ဦးမင်းကို (တရားရုံးချုပ်ရှေ့နေ)-ဒေါ်ကြည်မြင့်
တို့၏သမီး

ဒေါက်တာဇာခြည်ကို M.B.,B.S(Ygn)

တို့သည် ၇-၃-၂၀၀၅ ရက်(တနင်္လေနေ့)တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် စေ့စပ်မင်္ဂလာပွဲတွင် စေ့စပ်လက်စွပ်ချီးမြှင့်ပေးပါသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့်ဇနီး ဒေါ်မေကြည်စိန်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဒေါက်တာဇင်မောင်လွန်း-ဒေါက်တာဇာခြည်ကို။

မွေးနေ့ဆုတောင်းလွှာ

ကိုဇော်နိုင် (Director)

Ray-Ban, Power, Timex & Titoni
(နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်)

၃-၃-၂၀၀၅ တွင်ကျရောက်သော မွေးနေ့ရက်မြတ်မှသည်
တောင်တတိုင်း ပြည့်စုံခြင်းထက်မစောင့်တဲ့ ပြည့်စုံပါစေ။

ချစ်ဇနီး- မခင်မာဆွေ MD (LL.B, DBL, DML)
Director, Manager and (1) No.416/424 Thein Phyu, (2) 394/396 Shwebonthar, (3) B-3 First Floor, Yuzana ,(4) No.11/12,26-B, Mandalay. ဝန်ထမ်းများ

အထူးအစီအစဉ်
နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော် မှ
နေကာမျက်မှန်များ၊ ပါဝါမျက်မှန်များ (အနီးကြည့်/အဝေးကြည့်)များနှင့် နာရီများကို
အထူးဈေးနှုန်း ၅% မှ ၃၀% ထိ Discount များဖြင့်ဝယ်ယူအားပေးနိုင်ကြပါသည်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီး မလှယမင်း ၁၂/မရက(နိုင်) ၁၂၆၂၅၂သည် မိမိ၏သဘောဆန္ဒအရ နေအိမ်မှထွက်ခွာသွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအားလုံး လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးခင်မောင်တင့် ၁၂/မရက(နိုင်)၁၀၆၃၈၉။
ဒေါ်ချိုချိုသန်း ၁၂/မရက(ပြု)၀၀၀၀၀၄။

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းကို ဝယ်ယူလိုပါသည်။
Duplex Board Paper 180 gm^2 (32" x 40")-100 tons

၂။ တင်ဒါပေးသွင်းမှုကို ၁၁-၃-၂၀၀၅ ရက် (၁၆:၃၀) နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)
A A Electronics Ltd.
(Sole Distributor of Samsung Electronics)

၁။ Technician (ကျား/မ) ၄ ဦး
-B.E (E.C/E.P)
-AGTI (E.C/E.P)
-B.Sc(Physics) အောင်မြင်ပြီးသူဖြစ်ရမည်

၂။ Sales Promotor (ကျား/မ) ၅ ဦး
- အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။ အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင် (CV)၊ ဖုန်းနံပါတ်၊ အကျင့်စာရိတ္တထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်အတူ အမှတ် ၄၀၈/၄၁၀ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့် Samsung Plaza ပထမထပ်သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

Y.E.S. မှအင်္ဂလိပ်စကားပြော သင်တန်းများ
ကလေးများအတွက်အင်္ဂလိပ်စကားပြောသင်တန်း MAF 15
Basic Spoken English MAR - 1,6,15,20,22,29
Pre-IntermeDiate English MAR - 15,20,22,29
Academic Writing Course MAR - 27
Vocabulary Enrichment Course MAR - 15
TOEFL, IELTS, SAT(I), SAT(II), GFC, I.E
No.119, Y.W.C.A Building , Bogalayzay Street, Botataung TSP,
- 245821

တိုင်း
ကျောင်းသားသစ်များလက်ခံပြီ။
01-535151, 09-80-34549

မုဒုံဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်ပွဲကျင်းပ

မုဒုံ မတ် ၅

မုဒုံမြို့နယ်၊ ဘိုးဘွားရိပ်သာစောင့်ရှောက်မှုကော်မတီသို့ အလှူငွေပေးအပ်ပွဲကို မတ် ၂ ရက်က မုဒုံမြို့ ဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမတွင် ကျင်းပရာ ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးကော်မတီဝင်များ၊ အလှူရှင်များ၊ အဘိုးအဘွားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မုဒုံမြို့ စက်သစ်ရပ်နေ ဆရာမ ဒေါ်သန်းမြင့် (အငြိမ်းစား အထက်တန်းပြ) မိသားစုက ငွေပဒေသာပင်စိုက်ထူရန် ငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူကြသည်။ **(ဝဲပုံ)** အလားတူ မုဒုံမြို့မ(၂)ရပ်ကွက်၊ အဲမွန်ဒရာရပ်ကွက်နေ အလှူရှင်ဦးအောင်မြင့်စိန် မိသားစုက အဲမွန်ဒရာရပ်ကွက်နေ ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၃၀၀၀၀၀ ကိုပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာစောင့်ရှောက်မှုကော်မတီက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ အသီးသီး ပြန်လည်ပေးအပ်သည်။

(၁၆၈)

ဘုန်းတော်ကြီးသင် ကျောင်း ဖောင်းပြင်အင်ကုန်းရွာ၌ဖွင့်

ဖောင်းပြင် ဖေဖော်ဝါရီ ၂၉

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် လွင်ကြီးကျေးရွာအုပ်စု အင်ကုန်းကျေးရွာအမှတ်(၈)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က အဆိုပါကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ဇဝနနှင့် ဆရာတော်များ၊ မြို့နယ်အတွင်းရေးမှူးဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဘုန်းတော်ကြီးသင် ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရွှေညောင်ပင်ဆရာတော် ဘဒ္ဒန္တ ဇဝနက သြဝါဒကထာချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်အတွင်းရေးမှူးက သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များလျှောက်ထားပြီး မြို့နယ်လက်ထောက်ပညာရေးမှူးက ပညာရေးဆိုင်ရာများ လျှောက်ထားကာ ကျေးရွာဥက္ကဋ္ဌမှ ကျေးဇူးတင်ကြောင်း လျှောက်ထားသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင်သူငယ်တန်းမှစတုတ္ထတန်းအထိ ကျောင်းသူကျောင်းသား ၅၁ဦး ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဖေဖော်ဝါရီ၂၂ရက်က သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက် ဥက္ကဋ္ဌဒိုင်း(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဦးဘိုးသိန်း(၁) ဘောလုံးအသင်းအား သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒိုင်းဆုချီးမြှင့်ပေးအပ်စဉ်။ (က-ပ)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၀ ရက်က ကင်းတောင်-ရွာမလမ်း ကျောက်ချောခင်းရန် ကျောက်များ စုဆောင်းရောက်ရှိမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။
(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်ဆေးရုံ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

သီပေါ အမက (၁)တွင် ပညာအလင်းစာကြည့်တိုက်ဖွင့်

သီပေါ ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ အမက (၁)အခြေခံပညာမူလတန်းလွန်ကျောင်း ကိုယ့်အားကိုယ်ကိုး ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုင်းစိန်လင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦး စီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် အမက(၁) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်နန်းခင်ညွန့်လှုတို့က ပညာအလင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ဝဲပုံ)

ထို့နောက် သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) ဦးလှဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်နှင့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သီပေါရဲစခန်းမှ ဒုရဲအုပ်ခင်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဦးမြသန်း (ဓာတ်ဟိန်း-သီပေါ)က သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အကြောင်းကို ဟောပြောကြပြီး မူလတန်းလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်ညွန့်လှုက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ **(၃၀၆)**



မီးအားမြှင့်စက်လှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၂၈

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘုရားခန်းအသုံးပြုရန်အတွက် မီးအားမြှင့်စက် ပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ ရက်ကကျင်းပသည်။ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးက ကျောင်းဘုရားခန်းအတွက် မီးအားမြှင့်စက်လှူဒါန်းသော အလှူရှင် မိသားစုအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အလှူရှင်မိသားစုကိုယ်စား ကျောင်းသား မောင်ခန့်စိုးနောင်၊ မောင်စံလင်းအောင်တို့က ကျပ်ရှစ်သောင်းတန် မီးအားမြှင့်စက်ကို ကျောင်းအုပ်ကြီးအား ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း လွှာများပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(၁၆၂)**

ဖေဖော်ဝါရီ ၉ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကဒါရပ်ကွက် နီဗွာန်လမ်း ကျောက်ချောလမ်း ခင်းခြင်းကို အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

၁၀ရက်တရားစခန်းဖွင့်မည်

မော်လမြိုင် မတ် ၆

မော်လမြိုင်မြို့ဈေးကြိုဒေါင်းဇရပ် ဗောဓိအောင်မြေဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကန္နီရွှေသိမ်တော်တောရဆရာတော်၏ ဥပနိဿယအတိုင်း သံသာရမဂ္ဂပါရဂူစာတမ်း နှင့်ပဋိသန္ဓာရ အနုပါဒိသေသ နိဗ္ဗာန ကျမ်းပြု ဆရာတော်အရှင် မဟာထေရတိဿ၏ တပည့်ဖြစ်သော ပါဠိမြန်မာငါးဘာသာဂုဏ်ထူးအောင်သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ(နိကာယပါရဂူ)ပစ္စက္ခအသျှင် ဝိစာရက ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ ၁၀ရက်တရားစခန်းဖွင့်လှစ်ဟောကြားပြသမည်ဖြစ်ရာ တရားဝင်လိုသူများသည် မောင်ငံ(၂၈) အိမ်ရပ်၊ ဒေါက်တာစံဖေ(အေးချမ်းမြဆေးကုခန်း) ဖုန်း-၀၅၇-၂၂၃၅၂နှင့် ဗောဓိအောင်မြေဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဈေးကြို ဒေါင်းဇရပ် မော်လမြိုင်မြို့သို့ ဆက်သွယ်စာရင်းသွင်း တရားစခန်းဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေးအပ်

မတ် ၂ ရက်က အင်္ဂပူမြို့နယ် ကရင်ကူးကျေးရွာရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ဝင်းက ကရင်ကူးကျေးရွာအုပ်စုဥက္ကဋ္ဌထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

မြန်မာ့အသံ

၉-၃-၂၀၀၄ (အင်္ဂါနေ့) နံနက်ပိုင်း

၀၇:၀၀	ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ
	နေ့လယ်ပိုင်း
၁၁:၁၅	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ချင်းပြည်နယ် လက်ဖက် ပြည်နယ်ဖြစ်ရေး)
၁၁:၃၀	မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်(မြန်မာ့ဂုဏ်ရည်ကို မြှင့်တင်ပေးသည့် သွန်သင်ချက်) (ညွှန့်ဟံ-ကြူတော)
၁၂:၀၀	သူ့အတွေးနှင့်သူ့အရေး (ဒေါသကိုထိန်းပါ) မြတ်ထွဋ်ညွှန့်(ဆေး-၂)
၁၂:၂၀	ဇာတ်လမ်းပမာ(ရဲဘော်စိတ်)
၁၂:၄၅	မျက်မှောက်ရေးရာဆွေးနွေးစရာ
၁၃:၁၀	ပညာရေးအစီအစဉ် (ဘီအီးဒီ အင်္ဂလိပ်စာသင်ပြနည်း)
	ညနေပိုင်း
၁၆:၂၀	ကျေးလက်ဇာတ်လမ်း (အချီအချမပြောလိုတော့ပါ)
၁၇:၀၀	တပ်မတော်စာတိုက်
၁၇:၁၀	ကမ္ဘာ့ဂီတ
၁၇:၃၀	ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာရေးသတိအမြဲရှိ) (ဦး:ဉာဏ်ထွန်း)
၁၇:၅၀	သောတရှင်အတွက်ပြန်ကြားချက်
၁၈:၁၀	ဟောပြောချက (သမိုင်းအစဉ်အဆက်ထွန်းပြောင်နေသည့်တပ်မတော်ဂုဏ်ရောင်)
၁၉:၁၅	သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်သံပရာပင်)
၂၀:၃၀	(၅၄)နှစ်မြောက်တပ်မတော်နေ့ ဆုရတေးများ

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်-ငွေဆောင် လမ်းပိုင်းကြည့်ရှုစစ်ဆေး
လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာ၍ ငရုတ်ကောင်းတောင်ကျေးရွာ မကြာမီဖွံ့ဖြိုးလာမည်

ရန်ကုန် မတ် ၇

ဧရာဝတီတိုင်း ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ မတ် ၁ ရက် နံနက် ၈ နာရီက ငရုတ်ကောင်းမြို့ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့ ခမ္မိကာရုံကျောင်းတိုက်သို့ သွားရောက်၍ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဆောက်လုပ်ဆဲနှစ်ထပ်စာသင်ကျောင်းဆောင်နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ငရုတ်ကောင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးစတိုခန်း၊ ကာကွယ်ဆေးသိုလှောင်သည့် နေရောင်ခြည်စွမ်းအင်သုံး အအေးခန်း သေတ္တာနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးတက်ရောက်ကုသနေကြသောလူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငရုတ်ကောင်းရဲစခန်းသို့ရောက်ရှိကြပြီး ရဲစခန်းနှင့် ရဲစခန်းတွင် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့နှင့် ငရုတ်ကောင်းတောင်ကျေးရွာသို့ရောက်ရှိ၍ ဖောက်လုပ် ထားသည့် အရှည် ၁၉မိုင်၅ဖာလုံရှိ မြေသားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ငရုတ်ကောင်းတောင်ကျေးရွာသို့ ရောက်ရှိကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ငရုတ်ကောင်းတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဒေသခံလူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာတော့မည်ဖြစ်ရာ ယခုငရုတ်ကောင်းတောင်ကျေးရွာသည် အချက်အချာကျသောနေရာဖြစ်၍ မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံများအနေဖြင့်လည်း ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် ပုသိမ်-မော်တင်လမ်းအတိုင်း ထွက်ခွာလာကြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဖောက်လုပ်ဆောင်ရွက်နေသည့် ပုသိမ်-ငွေဆောင်လမ်းဖောက်လုပ်ရေးစီမံကိန်းအခြေစိုက်စခန်း (စိန်တောင်) လမ်းဆုံသို့ရောက်ရှိကြပြီး စီမံကိန်းယာယီရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးသိန်းမြင့်က အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဖောက်လုပ်နေသည့် အရှည် မိုင် ၃၀၊ သုံးဖာလုံရှိ ပုသိမ်-ငွေဆောင်လမ်းပိုင်းတွင် ကျောက်ချောလမ်းခင်းကျင်းနေမှု၊ ကတ္တရာနှင့် ကွန်ကရစ်ခင်းကျင်းနေမှု အခြေအနေတို့ကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်သည် အဆိုပါလမ်းပိုင်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ပုသိမ်-ငွေဆောင်လမ်းဆောက် လုပ်ရေးစီမံကိန်းသည် စုစုပေါင်း အကွာအဝေး မိုင်၃၀၊သုံးဖာလုံရှိပြီး ကျောက်ချောလမ်း ၂၁ မိုင်နှင့် ကတ္တရာလမ်းကိုးမိုင် သုံးဖာလုံဖြစ်သည်။

အဆိုပါ လမ်းပိုင်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှစ၍ ပုသိမ်-ငွေဆောင် လမ်းမိုင်တိုင်(၂/၅)မှ (၁၃/၀)အထိ အကွာအဝေး ၁၀ မိုင်၊ သုံးဖာလုံကို လက်ရှိ ကျောက်ချောလမ်းအဆင့်မှ ၁၄ ပေအကျယ် ကွန်ကရစ်လမ်းများကို ယခုနှစ်ပွင့်လင်းရာသီအမီ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူကြီးများ စိုက်ပျိုးထားသော ဧက ၂၅၀ရှိ နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ ပုသိမ်ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်နှင့် ပုသိမ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်သိန်းတို့က နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာအုပ်စုတွင် နွေစပါး ၆၀၆ ဧကနှင့် မိုးကုပ်ကျေးရွာအုပ်စု၌ နွေစပါး ၇၅၈ ဧက စိုက်ပျိုးထားကြောင်း သိရပြီး ပုသိမ်မြို့နယ်၌ နွေစပါးစိုက်ပျိုးရန် လျာထားဧက ၆၁၁၅၂ ဧကအနက် ၄၇၅၆၂ဧကကို စိုက်ပျိုးပြီးဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ သံပတ်ကုန်းကျေးရွာသို့ ရောက်ရှိကြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဖောက်လုပ်နေသည့် ပုသိမ်-ငွေဆောင်လမ်းအပိုင်း ကွန်ကရစ်ခင်း

ဧရာဝတီတိုင်း ပုသိမ်မြို့တွင် အေးရှားဝေါလ်ကုမ္ပဏီက တည်ဆောက်နေသော ပုသိမ်တံတားချဉ်းကပ်လမ်း (ကမ်းနီ-ငွေဆောင်) မော်တော်ကားလမ်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်ရွက်မှုနှင့် ပုသိမ်တံတားချဉ်းကပ်လမ်း(ကမ်းနီ-ငွေဆောင်) လမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါပုသိမ်တံတားချဉ်းကပ်လမ်းပိုင်း အကွာအဝေး တစ်မိုင်၊ ခုနစ်ဖာလုံကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဆောင်ရွက်လျက်ရှိရာ မြေဖြတ်ခြင်း၊မြေကြီးတာပေါင်တည်ဆောက်ခြင်း လုပ်ငန်းများသည် ၉၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးလျက် ရှိပြီး ယခုနှစ် ပွင့်လင်းရာသီတွင် ကျောက်ချောလမ်း အဆင့်ထိ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ပုသိမ်မြို့သို့ ဆက်လက်ထွက်ခွာပြီး ပုသိမ်မြို့၌ ညအိပ် ရပ်နားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မတ်၂ရက် နံနက် ၇နာရီခွဲတွင် ပုသိမ်မြို့ တပ်နယ်ခန်းမ၌ ပုသိမ်တပ်နယ်ရှိ အရာရှိစစ်သည်များ၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ စနစ်တကျဆောင်ရွက်ပေးရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးများ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ အရာရှိစစ်သည်များ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာလာကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၀ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမက(၅)ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ထားထားနွယ်က ပထမတန်းမှ စတုတ္ထတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မခင်မီမီထွန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

တောင်ဥက္ကလာပမြို့နယ်ဒေသန္တရကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) ဆေးကူညီမှုအဖွဲ့ ဒုတိယ ခေါင်းဆောင်ဒေါ်ဥမ္မာစိုးက ဆေးများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်ဆေးရုံကြီးသို့ ကျပ်သိန်း(၅၀)လှူဒါန်း

ရန်ကုန် မတ် ၇

ကွယ်လွန်သူ ဦးဖေကြိုင်-ဒေါ်တင်ကြည်တို့အား ရည်စူး၍ အမှတ် (၂၂၃) ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့နေ တူ၊ တူမများ ဖြစ်ကြသည့် ဦးကြည်ဝင်း၊ ဒေါ်မြင့်မြင့်၊ ဒေါ်ဆွေဆွေဦး၊ ဒေါ်ခင်နီလာ၊ ဒေါ်ခင်သီတာ မောင်နှမတစ်စုက ဆီးနှင့်ကျောက်ကပ်ဆေးကုဌာနကို အဓိကထား၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ လူနာဆောင်များအတွက် ဆေးပဒေသာပင် အလှူငွေကျပ်သိန်း (၅၀) လှူဒါန်းပွဲကို မတ် ၄ရက် နံနက် ၁၁နာရီတွင် ဆေးရုံအုပ်ကြီးများ ရုံးခန်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ တိတ်ဝမ်နှင့် ဆေးရုံ စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အလှူရှင်များက လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး အလှူငွေကျပ်သိန်း(၅၀)ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်က လက်ခံယူ၍ ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မတ် ၇

နယ်မြေခံထောက်လှမ်းရေးတပ်နှင့် တောင်ကြီးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဇွန် ၂၇ရက်တွင် တောင်ကြီးမြို့အဝင် သစ်တောဂိတ်၌ နောင်မွန်မှ တောင်ကြီးသို့ ယာဉ်မောင်း စိုင်းထွန်းရွှေမောင်းနှင်လာသည့် သ/၈၂၁၈ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ အိုက်လူနှင့် မခိုင်(ခ)မရှောက်ကျင်တို့ထံမှ ဘိန်းဖြူ ၂၂ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာနေ ဦးရန်စန်း၏သား အိုက်လူနှင့်တစ်ရွာတည်းနေ ဦးရန်စေရှင်း၏သမီး မခိုင်(ခ)မရှောက်ကျင်တို့နှစ်ဦးအား တောင်ကြီးအမှတ်(၁)ရဲစခန်းက မူးယစ်ဆေးဝါးပထမသတင်းပေး တိုင်ချက်အမှတ် ၉/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၁အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တောင်ကြီးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ခုနှစ် ဒီဇင်ဘာ၂၂ရက်တွင် တရားခံအိုက်လူအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာလက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ ထောင်ဒဏ်နှစ် ၂၀၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅အရ ထောင်ဒဏ်ငါးနှစ်၊ တရားခံ မခိုင်(ခ)မရှောက်ကျင်အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာလက်ဝယ်ထားရှိမှုပုဒ်မ၁၉(က)အရ ထောင်ဒဏ် နှစ်၂၀ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာသင်တန်းပို့ချချက်များ

(တတိယတွဲ)

ရွှေနှလွန်မှာစေပေ အရှင်သီလာနန္ဒာ(ဝိသ) (D.Litt.)

ဖုန်း ၀၁-၂၅၃၈၅၀

ထွက်ပါပြီ

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စိန်ဒိုင်းမွန်းကုမ္ပဏီ အမှတ် ၃၄၊ ၄ လမ်း၊ (၈) ရပ်ကွက်၊ စက်မှုဇုန်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ အောက်ဖော်ပြပါပစ္စည်းကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်သိလိုသော အချက်များကို တယ်လီဖုန်းအမှတ်-၅၇၁၃၅၁ နှင့် ၅၇၂၃၂၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ရောင်းချမည့်ပစ္စည်းများ	- ပီပါခွံမျိုးစုံ အဝကျဉ်း၊ အဝကျယ်၊ ပုံးမျိုးစုံနှင့် စက္ကူ/ပီနံအိတ်မျိုးစုံ။
တင်ဒါပေးသွင်းရမည့်နေရာ	- အုပ်ချုပ်ရေးဌာန
တင်ဒါပုံစံထုတ်ပေးမည့်ရက်	- ၁၇-၃-၂၀၀၄
တင်ဒါပိတ်မည့်နေ့/အချိန်	- ၂၀၀၄ ခုနှစ်၊ မတ်လ ၂၉ ရက်၊ ၁၂:၀၀ နာရီ

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀၊ တိုက်အမှတ် ၂၂၁၊ ဒုတိယထပ်၊ ယာဘက်ခြမ်း(ထပ်ခိုးပါ)အိမ်ခန်းကို ဦးစန်းလွင်(ဘ)ဦးမိုဟာမက်မွိုင်ဒင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဥကတ(နိုင်) ၁၃၅၁၆၁ ကိုင်ဆောင်သူထံမှ ဝယ်ယူရန်စီစဉ်ပြီးဖြစ်၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများမှ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့် ဤကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဖုန်း-၅၆၁၂၃၉ သို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ဤရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်စိုး

တရားရုံးချုပ်ရှေ့နေ

၅၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

TOP ☎ 243363 705877

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်းကိစ္စ

ယာဉ်အမှတ် ၈ျ/၇၇၈၅ မှ ဏ/၅၀၂၈ ပြောင်း အမျိုးအမည် ဒတ်ဆန်း ၁၅၀၀ အမျိုးအစား ပစ်ကပ်ယာဉ်အား ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကြည် (မှတ်ပုံတင်အမှတ်) ၁၂/အစန(နိုင်) ၀၁၈၇၈၄ က မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လို သူများ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း ကညန၊ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊ အင်းစိန်**

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် အ/၉၄၅၇ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေက မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ရက် ၃၀ အတွင်း ကညန၊ ခရိုင်ရုံး (မြောက်ပိုင်း) မန္တလေးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(မြောက်ပိုင်း)မန္တလေး

[illegible]



အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

မှ

ဖောင်မြန်မာအပ်ချုပ်စက်များကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချပေးနေပါပြီ

(၁) မြန်မာပြည်တွင် နှစ်ပေါင်းများစွာကျော်ကြားသည့် Singer အပ်ချုပ်စက်နည်းပညာနှင့် ဒီဇိုင်းအတိုင်း အရည်အသွေးမီ ထုတ်လုပ်ထားပါသည်။

(၂) မော်တာဖြင့် တွဲဖက်အသုံးပြုနိုင်၍ ပေါ်ပါ့ခြေ လက်စွာ ချုပ်နိုင်ပါသည်။

(၃) မြန်မာဆန်သော ပန်းဒီဇိုင်းများဖြင့် အလှဆင်ထားပါသည်။

(၄) ဈေးနှုန်းချိုသာပြီး လူတန်းစားမရွေး အသုံးပြုနိုင်ပါသည်။

အသေးစိတ်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သောနေရာများ

- ဝင်းသူဇာအရောင်းဆိုင်များ
- ရုံးချုပ် ဖုန်း - ၀၁-၅၆၀၈၈၇၊ ၀၁-၅၆၆၀၅၉၊ ၀၁-၂၉၀၀၂၈
- အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်) ဖုန်း - ၀၆၆-၅၁၅၃၃

ဇမ္ဗူဦးသျှောင် မြတ်ဘုန်းခေါင်မြို့ဦးစေတီတော် ပန်းလည်တိုင်များနှင့် ရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် မတ် ၇

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ ကျိုက်ထီးဆောင်းဆရာတော်အား အမှူးထား၍ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြို့တော်ဦးတွင် တည်ထားကိုးကွယ်တော်မူသော ဇမ္ဗူဦးသျှောင် မြတ်ဘုန်းခေါင်မြို့ဦးစေတီတော်များအား ပန်းလည်တိုင်များနှင့် ရွှေထီးတော်တင်ပူဇော်ပွဲကို မတ် ၅ ရက် (တပေါင်းလပြည့်နေ့) နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဒေါက်တာခင်ရွှေနှင့် အလှူရှင်များ တက်ရောက်ကြပြီး အရံစေတီတော်များအပါအဝင် ထီးတော်ပေါင်း၁၇၁ဆူတို့ကို ကျိုက်ထီးဆောင်းဆရာတော်ကြီးနှင့်အတူ အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများက တင်လှူပူဇော်ကြသည်။ **(ဝဲပုံ)**

အဆိုပါ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် ရွှေတိဂုံစေတီတော် ဆံတော်ရှင်၊ မန္တလေးမဟာမြတ်မုနိပုံတော်ပွား၊ ကေလာသ ဆံတော်ရှင်ပုံတော်ပွားစေတီ၊ ပုဂံဓမ္မရာဇကပုံတော်ပွားစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင်ပုံတော်ပွား၊ ရှင်သီဝလိ ရုပ်ပွားတော်၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ပုံတော်ပွားစေတီ၊ ရှင်ဥပဂုတ္တရုပ်ပွားတော်၊ သတ္တဌာန၊တံခွန်တိုင်ကျောင်း စေတီတော်များကို တည်ထားခဲ့ပြီး မတ် ၇ ရက် နံနက်တွင် စေတီတော်များ၏ စိန်ဖူး တော်နှင့်ငှက်မြတ်နားတော်များ တင်လှူ ပူဇော်ကြကြောင်းသိရသည်။

(က-ပ)

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ကကြီးမှူး၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ် တော်ရဆရာတော်ကြီးများ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲကို မတ်၆ရက်က အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ ဓမ္မာရုံဂေါပကအဖွဲ့ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမင်းကြည် (ငြိမ်း)က သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးသန်းနိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။(က-ပ)

မတ် ၄ရက်က ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ရန်ကင်းပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ HIV/AIDS တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မူးယစ်ဗဟိုမှ ဒုရဲမှူး မျိုးမြင့်က HIV/AIDS အကြောင်း သိကောင်းစရာများ ဟောပြောစဉ်။ (က-ပ)

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန်းဆွေ ကြည့်ရှု

ရန်ကုန် မတ် ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဟိုပန်မြို့သို့ ရောက်ရှိ၍ ဟိုပန်မြို့ မြသိန်းတန်စာသင်တိုက်ရှိ ရဟန်းနှင့် သာမဏေများအတွက် သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဒေသမှ တာဝန်ရှိသူများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် မံတုံပါးကျေးရွာသို့ရောက်ရှိ၍ မံတုံပါး ဆည်နှင့်ဘိန်းအစားထိုးသီးနှံလိမ္မော်၊ သလဲ၊ မက်မွန် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကိုးကန့်ဒေသမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးပြီး လောက်ကိုင်-တာရွှေထန်လမ်း ကတ္တရာခင်းခြင်း၊ ကျောက် ထုတ်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ကုန်းကြမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းမှာကြားပြီး ကုန်းကြမ်းမြို့နယ်ဆေးရုံအတွက် ဘီးတပ်ကုလားထိုင်၊ ကုန်းကြမ်း အလယ်တန်းကျောင်းအတွက် လက်နှိပ်စက်၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် အဝတ်အထည်နှင့် စားစရာများကို ထောက်ပံ့ပေးအပ်သည်။

ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၂၉ ရက်တွင် ကုန်းကြမ်းမြို့တွင်း လမ်းကတ္တရာခင်းရေး လုပ်ငန်းများအတွက် လိုက်လံကြည့်ရှု စစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ကုန်းကြမ်းအခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများအား တွေ့ဆုံကာ ဒေသပညာရေးဆိုင်ရာ ကိစ္စရပ်များကိုညှိနှိုင်းပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။ ထို့နောက် လောက်ကိုင်မြို့ ခုတင်(၅၀)ဆံ့ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်ကို ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးခြံကြည့်ရှု

ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁ ရက်တွင် ဘိန်းအစားထိုး ပန်းဂျုံသန့်စင်စက်ရုံနှင့်ဝယ်ယူပြီး ပန်းဂျုံများထားသိုသည့် သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးပြီး ရန်လုံကျိုင်း ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးခြံကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်စေတီတော်
ဈေးပြိုင်လေလံ ၁/၂၀၀၄

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့မှ အောက်ပါလုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါ၍ ဈေးပြိုင်လေလံဆွဲဝယ်ယူလိုသူများသည် ၂၁-၃-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်လေလံဆွဲဝယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

(၁) ဆိုင်ခန်းများဖွင့်လှစ်ရောင်းချခြင်း။
(၂) ဗိုလ်တထောင်ကမ်းနားအနီး စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချခြင်း။
(၃) စေတီပရိဝုဏ်အတွင်း ဓာတ်ပုံရိုက်ခွင့်လုပ်ငန်း။
(၄) လိပ်စာ၊ ငါးစာ ရောင်းဆိုင်ဖွင့်လှစ်ရောင်းချခြင်း။
(၅) ငှက်များဘေးမဲ့လွှတ်ခြင်းလုပ်ငန်း။
(၆) အခကြေးငွေယူစနစ်ဖြင့် ရေချိုးခန်း၊ သန့်စင်အိမ်သာဖွင့်ခွင့်လုပ်ငန်း။
(၇) ယာဉ်ရပ်နားခကောက်ခံခွင့်လုပ်ငန်း။
(၈) ဖယောင်းခွာယူခွင့်လုပ်ငန်း။
(၉) အုန်းသီးခူးခွင့်လုပ်ငန်း။

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ခင်ဆွေ
တာဝန်ခံအလှည့်ကျဂေါပက
ဗိုလ်တထောင်စေတီတော်
ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၂၀၈၆



ရန်ကုန်ထမင်းချိုင့်
အိမ်အရောက်ပို့ပြီ
ည + မနက် ၃၀၀၀ဝိ/-
တစ်ခဲနက်အားပေးသူများကို ကျေးဇူးတင်ပါသည်။
အမှတ် ဂ/၃ သုခလမ်း၊ မရမ်းကုန်း
ဖုန်း-၆၆၄၅၁၇

အမည်ခေါ်ပါ

ဗိုလ်ကြီးထူးမောင် (ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်မိုးဦး (လက်ထောက်သုတေသနအရာရှိ၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန)တို့၏ သမီးဦးရတနာ ၁၆-၃-၂၀၀၃ (တနင်္ဂနွေနေ့)၈း၂၀နာရီတွင် ဖွားဖာတာရှင်အား "မသစ်ပြည့်"ဟု အမည်ခေါ်ပါရန်။ **ဗိုလ်ကြီးထူးမောင်-ဒေါ်မိုးဦး**

မွေးနေ့ဆုမွန်

ညီမလေး မသစ်ပြည့်မွေးနေ့မှသည် နှောင်နှစ်ပေါင်းများစွာ ကျန်းမာရွှင်လန်း၍ ဖေဖေ၊ မေမေ၊ ဘိုးဘိုး၊ ဘွားဘွားတို့နှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။ **မမ-မဒေါ်နှင်းနု**
VII (A)အထက(၁)ဒဂုံ။

အလှူငွေပေးအပ်ပွဲအခမ်းအနားဖိတ်ကြားခြင်း

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပထမအကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည် ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအားဖိတ်ကြားအပ်ပါသည်-

နေ့ရက် ။ ၈-၃-၂၀၀၄ (တနင်္လာနေ့)
အချိန် ။ ၁၅း၀၀ နာရီ
နေရာ ။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း၊

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
ဖုန်း-၀၃၁ ၂၅၁၇၈၊ ၀၉-၈၀ ၃၂၉၆၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသွယ်အမှတ် ၆၅/အေဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၃၆ အိပ်ချ်၊ မြေကွက်အမှတ် ၆၄/၈၊ မြေဧရိယာ ၀ ဒသမ ၂၇၀ ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးအေး (စီအီး-၀၄၇၁၅၃) တစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အထက်ဖော်ပြပါ မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေး ကွယ်လွန်သွားသည့် အတွက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းဖြစ်သူ ဦးကျော်ထင်တစ်ဦးတည်း တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ပတ်သက်သည့်အတွက် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းများယူဆောင်ပြီး ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သတ်မှတ်ထားသည့်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B)	**ဒေါ်လှလှခိုင်(LL.B)**
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၃၇၃)	တရားရုံးချုပ်ရှေ့နေ(စဉ်-၅၄၁၀)

အမှတ် ၅၅၊ ဘားလမ်း၊ အခန်းအမှတ် ၇
တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့
ဖုန်း-၇၀၁၅၂၁



သွားနုတ္တသမီးဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ ၆ရပ်ကွက်၊ ၄၃လမ်း၊ အမှတ် ၄၅ (မြေညီထပ်/ညာ)နေ၊ ဦးဝမ်ဗိုထပ် ၁၂/တမန(နိုင်)၀၆၅၉၁၈ နှင့် ဒေါ်ကင်ခွမ်(ခ)ဒေါ်စန်းစန်းမြင့် ၁၂/တမန(နိုင်)၀၉၀၈၇၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ဦးဝမ်ဗိုထပ်နှင့် ဒေါ်ကင်ခွမ် (ခ) ဒေါ်စန်းစန်းမြင့်တို့၏ သမီးဖြစ်သူ မချိုချိုလွင် ၁၂/ဗတထ(နိုင်) ၀၃၄၅၅၁ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် ၎င်း၏ပြုမူဆောင်ရွက်မှုများသည် မိဘများအား ဂုဏ်သိက္ခာကျဆင်းစေပြီး မိဘအား ရန်သူသဖွယ် ပြုမူ ပြောဆိုနေပါသောကြောင့် မချိုချိုလွင်အား ယနေ့မှစ၍ မိဘများက သွားနုတ္တသမီးအဖြစ် အများသိစေရန်နှင့် ချိုချိုလွင်နှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်သိန်း (အယ်လ်အယ်လ်ဘီ)
တရားရုံးချုပ်ရှေ့နေ
အမှတ် (၅၀)၊ ပထမထပ်
အခန်းဒီ(၁)၊ ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရဟန်း၊ ကျောင်းအမကြီး
ဒေါ်ခင်ညွန့်
(ဟင်္သာတ၊ A˚B˚Mကျောင်းသူဟောင်း)
အသက်(၉၁)နှစ်

ဟင်္သာတမြို့နေ စစ်ကဲတော်ရမင်းစစ်ကဲကြီး ဦးထင်ကျော် (K.S.M, TDM,ကျက်သရေဆောင်ရွှေစလွယ်ရ၊ ငွေဓားလွယ်ရမင်း)-ဒေါ်မေမေကြီးတို့၏ မြေး၊ မြေပိုင်ရှင် ဦးသစ်-ဒေါ်တင်တင်တို့၏သမီးကြီး၊ ယခင် ရဲမင်းကြီးဟောင်း ဦးကျော်မြင့်(MBE)-ဒေါ်ခင်ဖူး၊ ဦးကျော်ညိမ်း (ဓနုဖြူ)-ဒေါ်ခင်ထွေးတို့၏အစ်မကြီး၊ သစ်တောမင်းကြီးချုပ် သီရိပျံချီ(ဦးသိန်း)၏ဇနီး၊ ဦးမျိုးသန့်(PPW Int'l Trading) – Dr.ဒေါ်ဝင်းမြင့်အေး(ခ) Maureen Kyaw Myint(တောင်ကြီး)၏ကြီးကြီး၊ မခင်မမျိုး (Adv. Dip. B.A., Dip IT, P.G. Dip Management, F. Inst BA; MPA)နှင့် မောင်ကိုကိုမျိုး(G.C. Edu, MA. Admin)တို့၏ ဘွားဘွားကြီးသည် ရန်ကုန်မြို့နေအိမ်၌ ၂၇-၂-၂၀၀၄ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့ ဒေါ်ချိုချို၏ခင်ပွန်း (ဦးကျော်ဝင်း F/Welder) Eastwing သည် ၂၈-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုကျော်မိုး-မသိန်းသိန်းဌေး

ဒေါ်ခင်သန်း (ရေကျော်) အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊တိုက်အမှတ် (B-7)၊ အခန်း ၄၀၈ နေ (ဦးညွန့်-ဒေါ်ဝန်)တို့၏ သမီးကြီး၊ (ဦးမောင်မောင်ကြည်)၏ဇနီး၊ ဦးညွန့်အောင်ကြည်၊ ဒေါ်မာလာကြည်တို့၏မိခင်၊ ဒေါ်အုံးကြည်၏အစ်မသည် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကျော်စိုး (ကော့ကရိတ်)
အသက်(၆၅)နှစ်

ကော့ကရိတ်မြို့၊ အမှတ် ၃၇၃၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်သက်ရှင်၏ခင်ပွန်း၊ ဦးကျော်နိုင်ဦး၊ ဒေါ်တင်စိုးသက်- ဦးကျော်မိုး၊ ဦးနေထွန်းအောင်-ဒေါ်ဇင်ဝင်းထိုက်၊ မနန်းခမ်းဖြူစိုးတို့၏ဖခင်၊ ကြည်မြမြတ်စိုးနှင့် ယဉ်ယဉ်ထိုက်တို့၏ အဘိုးသည် ၃-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ခန်မီးမူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးစိန်လှိုင် (ဝါး၊ ဓနိဆိုင်)
(ထောက်ကြန့်၊ တိလောက)
အသက်(၅၃)နှစ်

ထောက်ကြန့်၊ ပြည်လမ်း(မြောက်ပိုင်း)နေ (ဦးဖိုးလွင်-ဒေါ်မြသင်)တို့၏ သား၊ ဦးအောင်ရှိန်-ဒေါ်သန်းသန်းတို့၏ သားသမက်၊ထောက်ကြန့်မြို့၊တိလောကနေ ဒေါ်စန်းတင့်၏ခင်ပွန်း၊ မောင်ဇော်လင်းထွန်း၊ မောင်ဇော်မင်းထွန်း-မနန်းဝင်းအေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

အမည်ပြောင်း

အဖ ဦးမျိုးဝေ၏ သား အထက (၁)သထုံ ဒသမတန်း(င)မှ မောင်ထွန်းထွန်းဦးအား မောင်နေမျိုးဝေ ဟု ပြောင်းလဲခေါ်ပါရန်။

မောင်နေမျိုးဝေ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဗဟိုကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ကံ့ကော်ရွှေပြည် ဦးသန်းထွန်း၏မိခင်ဖြစ်သူ အသက်(၉၃)နှစ်ရှိ ဒေါ်မြခင်သည် ၄-၃-၂၀၀၄ ရက် နံနက် ၆ နာရီတွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဗဟိုကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ရုံးအဖွဲ့ဝင်အားလုံးတို့က ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြပါကြောင်း မှတ်တမ်းတင်ပါသည်။

MANA ဗဟိုကော်မတီဝင်များ၊
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်ရုံးအဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ချစ်
အောင်ဆန်းအပတ်စဉ်(၁၁)
ဦးစီးအရာရှိ
စီမံရေးရာဌာနမှူး၊အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၄၈)နှစ်

၁-၃-၂၀၀၄ရက်တွင် မမျှော်လင့်ဘဲကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီမံ(၂)သင်တန်း(၁/၂၀၀၄)
သင်တန်းသား/သင်တန်းသူများ။

ခရစ်တော်၌အိပ်ပျော်ခြင်း
ရှသ်အေးခက်ခက်ကျော်(ခ)ဖြူမ
ရူပဗေဒ(ပထမနှစ်)
အသက်(၂၂)နှစ်

မော်လမြိုင်မြို့၊ မောင်ငံရပ်၊ S.P.G ဘုရားကျောင်းဝင်းနေ ဒေါ်မေရီခင်၊ ဒေါ်မာလာသိဂ်တို့၏သမီးတူမ၊ Moses ကျော်သိန်း-ဒေါ်ဌေးဝင်းတို့၏သမီး ငယ်၊ ရီဘတ်ခါအေးမိုးထွန်း၊ မာရီအေးသန္တာဝင်း၊ မာသအေးထက်ထက်ကျော်(ခ)ချစ်ချစ်တို့၏ညီမလေး၊ ဂျိမ်းစ်အောင်ပြည့်စုံ၏အစ်မသည် ၂၁-၂-၂၀၀၄ရက် (စနေနေ့)ည ၈း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၂-၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရှင်ဩဂတ်စတင်းဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ပိန္နဲကုန်းခရစ်ယာန်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ရှသ်အေးခက်ခက်ကျော်(ခ)ဖြူမအား ကုသပေးခဲ့ကြသော မော်လမြိုင်ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဘုန်းတော်ကြီးနှင့်တကွ အသင်းသူအသင်းသားများ၊ ဆွေမျိုးမိတ်သဂ်ဟများ၊ မော်လမြိုင်တက္ကသိုလ်မှ ဆရာဆရာမများ၊ကျောင်းသား ကျောင်းသူများ၊ အထက(၇)မှ ဆရာ ဆရာမများ၊ သူငယ်ချင်းများကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်
(တောင်ကြီး)
အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ် ၄၂၊ ရွှေတောင်တန်းလမ်းနေ (ဒေါ်စောတင်)၊ (ဒေါ်မြကျင်)တို့၏ညီမ၊ (ဦးရွှေသွင်)သနပ်ဖက်ပွဲစားကြီး၏ဇနီး၊ တောင်ကြီးမြို့၊ အမှတ် ၆၁၊ ဇောတိကလမ်း၊ ကန်ရှေ့ရပ်နေ ဦးပြေဝင်း–ဆရာမ ဒေါ်မြမြသွင်၊ ဦးဇော်မြသွင်–ဆရာမ ဒေါ်မေမေသွင်၊ ဦးစံနီသွင်(ပင်လုံ)–ဒေါ်လှမြင့်တို့၏ မိခင်၊ မြေး၁၂ယောက်တို့၏ အဘွားသည် ၇–၃–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ကျန်းမာရေးဦးစီးဌာန)၊ ဒေါက်တာမေမာလာဆွေ(သားဖွား/ မီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)တို့၏မိခင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှကြေကွဲဝမ်းနည်းရပါကြောင်း။

ခုတင်(၃၀၀)ဆံ့သင်ကြားရေးဆေးရုံကြီး၊မန္တလေး၊ဝန်ထမ်းမိသားစု။

ဒေါ်ခင်ခင်နွဲ့(ဂျူလီ)
(သထုံမြို့)
အသက်(၅၅)နှစ်

တိုက်အမှတ် ၃၃၁၊ အခန်း ၇၊ အနောက်ရန်ကင်းနေ (ဦးခင်အောင်–ဒေါ်ထားနွဲ့)တို့၏သမီး၊သထုံမြို့၊ အမှတ် ၃၆၇၊မြသပိတ်ဘုရားလမ်းနေ(ဦးကြွယ်)–ဒေါ်အေးသီတို့၏ သမီးချွေးမ၊ ဦးအောင်နိုင်၏ဇနီး၊ မောင်ကျော်ကိုကိုဝင်း–မနွဲ့ကေခိုင်အောင်၊ မောင်အောင်နန္ဒကျော်သူတို့၏မိခင်၊ မလင်းလက်ဝသန်အောင်၏အဘွားသည် ၇–၃–၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက်၄:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါ ည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊တန်ဆောင်းဒါယကာ
ဦးညွန့်ရှိန်(ခ)နန်းညွန့်ရှိန်
ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ရုပ်သေးအကြံပေးအရာရှိ (ရုပ်သေးပညာရှင်)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊တွံတေးမြို့နယ်၊ဇီးဖြူကုန်းကျေးရွာနေ (ဦးထွန်းခင်–ဒေါ်သိန်းညွန့်)၊ (ဦးဖုန်းငွေ–ဒေါ်သိန်းညွန့်)တို့၏သားကြီး၊ ဒေါ်ခင်မ၏ခင်ပွန်း၊ သားသမီး ၁၁ယောက်တို့၏ဖခင်၊ မြေး၂၈ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃–၃–၂၀၀၄ ရက်တွင် ကွယ်လွန်၍ ၉–၃–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ဇီးဖြူကုန်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

စွန့်လွှတ်ခြင်း

ကျွန်မ၏ခင်ပွန်းဖြစ်သူ ကိုအောင်ဌေး (MYGN–၀၃၅၃၄၁) သည် ခင်ပွန်းဝတ္တရားများ ပျက်ကွက်ခဲ့သည်မှာကြာပြီဖြစ်ပါ၍ ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

မညွှန့်ညွန့်ဆွေ(ခ)မညို (၁၂/မရက[နိုင်]၀၂၅၁၁၃)
၁၁၈၈/န၊ အောင်မေတ္တာလမ်း၊ သမိုင်း(၂)ရပ်ကွက်။

သတိပေးတားမြစ်ခြင်း

မိဘဖြစ်သူ (ဦးကျင်စိန်–ဒေါ်ရွှေ)မကွယ်လွန်မီက အောက်ဖော်ပြပါ ပစ္စည်းများကို သားများ၏ အမည်ခံ၍ ဝယ်ယူထားရှိခဲ့ပြီး ယခုအခါစာရင်းများပြုစု၍ အမွေဆိုင်သားသမီးလေးဦးခွဲဝေယူကြရန် လူကြီးများရှေ့မှောက်တွင် စီစဉ်နေချိန် မပြီးပြတ်သေးပါသဖြင့် အမွေဆိုင်သားတစ်ဦးဖြစ်သူ ကျွန်ုပ်အမှုသည် ဦးမောင်မောင်မြင့် ၁၂/လသန(နိုင်)၀၁၃၁၆ ၏ ညွှန်ကြားချက်အရ အဆိုပါပစ္စည်းများကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းစသည့် လွှဲပြောင်းခြင်းများကို မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။

ပစ္စည်းစာရင်း

၁။ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်းလမ်းဆုံရှိ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း အဆောက်အအုံ အမှတ်(၁)၊ အခန်းအမှတ် (၈)၊ (၉)၊ (၂၄)၊ (၂၅) တိုက်ခန်းများနှင့် အခန်းအမှတ် (၉)နှင့် (၁၀)ကြားရှိ လှေကားခွင်ဆိုင်ခန်း။ ၂။ လသာမြို့နယ်၊ လမ်း ၂၀၊ တိုက်အမှတ် ၈၅၊ (ပထမထပ်) တိုက်ခန်း။ ၃။ လသာမြို့နယ်၊ လသာလမ်း၊ တိုက်အမှတ် (၇၈–ဘီ)၊ မြေညီထပ်၊ တိုက်ခန်း။ ၄။ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ် (၆၇၄)၊ သတ္တမထပ်တိုက်ခန်း။ ၅။လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်(၆၇၆) မြေညီထပ်မှ သတ္တမထပ်အထိတိုက်ခန်းများ။ ၆။ ရန်ကုန်မြို့၊ အလုံတိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၅–အီး)မြေကွက်အမှတ် (၁၃)၊ မြေပိုင်မြေဧရိယာ ၀ ဒသမ၀၃၁ဧကရှိ မြေကွက်နှင့် ၎င်းလမ်းပေါ်ရှိ အမှတ် (၅၄၆)၊ ကြည့်မြင်တိုင် ကမ်းနားလမ်း၊ ဆေးရိုးတန်း၊ ငြိမ်းချမ်းရေး ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ဟုခေါ်တွင် သည့် အိမ်နှင့်တကွ အကျိုးခံစားခွင့်များ။ ၇။ TOYOTA DYNA BU-61 (၂က/၇၀၁၄)။ ၈။ CANTER FE 305 B (၂ခ/၂၆၉၀)။ ၉။ TOYOTA COROLLA VAN (၉က/၆၉၈၅)။ ၁၀။ MARK II 90 Model (၅က/၈၃၉၉)

ဦးမောင်မောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ– **ဦးမျိုးသန့်**
ရုံးခန်း–၄၆(ပထပ်)၊မဟာဗန္ဓုလပန်းခြံလမ်း၊ (B.A,Law); LL.B
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း–၃၇၃၄၉၉ တရားရုံးချုပ်ရှေ့နေ

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဦးကျော်ဒင်
မြန်မာ့ဘော်လီဘော လက်ရွေးစင်အသင်းခေါင်းဆောင် (လက်ရွေးစင်ဟောင်း) လက်ထောက်မြို့နယ်မှူး၊ လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးရွှေသီး–ဒေါ်ချမ်းသာ) တို့၏သား၊ မြင်းခြံမြို့နေ (ဦးစိုးမောင်–ဒေါ်ကြည်) တို့၏သားသမက်၊ အမှတ် ၅၄၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြည်ကြည်စိုး၏ခင်ပွန်း၊ ဒေါ်သန္တာဦး (အထက–၂၊ စမ်းချောင်း)၊ ဦးသူရ (ဇာဂနာ)–ဒေါ်လွင်မာဦး၊ မစန္ဒာငြိမ်း (ပထဝီ)၊ မစိုးနုနုထွေး (ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ဖခင်၊ မြေး ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၇–၃–၂၀၀၄ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ထွင့်(ခ)
Terence Than Nyunt B.A(Philo) D.A
(စိန့်မိုင်ကယ်ကျောင်းသားဟောင်း) လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး
အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းညွန့်)–ဒေါ်မြသန်း တို့၏သားကြီး၊ (ဦးမောင်မောင်–ဒေါ်စောရီ၊ ဝက်လက်) တို့၏ သားသမက်၊ ဒေါ်ခင်ခင်အုန်း (မြို့နယ်ဦးစီးမှူး၊မင်းကင်းမြို့နယ်စာရင်းစစ်ရုံး)၏ခင်ပွန်း၊မအိခိုင်ဇင်ထွင့်(ဂုဏ်ထူးတန်း၊ IR)၊ မစုလှိုင်တင်ထွင့် (တတိယနှစ်၊ စီးပွားရေး တက္ကသိုလ်)တို့၏ဖခင်သည် ၅–၃–၂၀၀၄ ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ် (မြောက်ပိုင်းမြို့နယ်)၊ (၄၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၅၀၂ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။

(စိန့်မိုင်ကယ် ကျောင်းသားဟောင်းများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။)

ဦးတင်အောင်ဝင်း
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ပါရမီရိပ်သာနေ ဦးမြင့်စိုး–ဒေါ်ဝေဝေသိန်းအောင်တို့၏ အစ်ကိုကြီး ဦးတင်အောင်ဝင်းသည် ၇–၃–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စောနန်းမြင့်
(ဥပဒေအရာရှိ)
အသက်(၅၁)နှစ်

ရန်ကင်းမြို့နယ်၊ ပြည်သာယာ၊ ဘောက်ထော်နေ (ဦးဘိုးတင်–ဒေါ်မမလေး) တို့၏မြေး၊ (ဦးကျော်မြင့်)–ဒေါ်ခင်စန်းရီတို့၏ တစ်ဦးတည်းသောသမီး၊ (ဦးသိန်း–ဒေါ်စောလှိုင်) တို့၏ သမီးချွေးမ၊ အမှတ် ၉၊ ဂီတမာလာလမ်း၊ ပြည်သာယာ၊ ဘောက်ထော်နေ ဦးဝင်းမြင့်၏ဇနီး၊ မောင်သိန်းတန်၊ မစောနန်းထွေးတို့၏ မိခင်၊ ဦးအောင်နိုင်မြင့်–ဒေါ်သီသီမြင့်၊ ဦးကျော်ရှိန်မြင့်၊ ဒေါ်ခင်မေသီတို့၏ညီမ၊ ဦးအောင်ဇော်မြင့်၏အစ်မ၊ မောင်လွင်ကျော်ဇော (မောင်လွင်ကျော်ထူး)၊ မောင်ဟိန်းဇော်လင်း၊ မောင်ရှိန်းတို့၏အဒေါ်သည် ၇–၃–၂၀၀၄ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမကြီး
ဒေါ်တင်နု
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၉၄) ရပ်ကွက်၊ ယုဇနလမ်း၊ တိုက် ၂၇/၁၀၂၊ စစ်တောင်းရိပ်မွန်နေ (ဦးစိုးမြင့်)၏ဇနီး၊ ဦးစိုးဝင်း၏ မိခင်သည် အထက်ပါနေအိမ်၌ ၆–၃–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ညနေ ၃:၃၀ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ကြည်
(ဝါးဘလောက်သောက်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၆၊ ၄၈ လမ်းနေ (ဦးပန်)၏ဇနီး၊ ဦးချစ်မောင် (ရွှေစင်မြန်မာတည်းခိုခန်း)၊ဒေါ်သန်းနွယ်၊ ဒေါ်ညွန့်ညွန့်၊ ဦးမောင်စိန်(ခ)ဦးစိန်ကြီး (ရွှေငွေထွန်းကားဘော်ဒီရုံ) ဒေါ်ခင်စန်းမြင့်၊ ဦးစိန်လေး (Aces Group Travel & Tours)–ဒေါ်မြင့်မြင့်ရီ၊ ဦးလှဌေး (Chief Officer Monsoon Company) (ဒေါက်တာဒေါ်ခိုင်ခိုင်ရွှေ)၊ ဒေါ်စီစီ (အထက–၄၊ ဗိုလ်တထောင်) တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၇–၃–၂၀၀၄ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၃–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းရီ
(Betty Mya)B.A
စိန့်ဖရန့်စစ်ကျောင်းသူဟောင်း ဦးစီးအရာရှိ(ငြိမ်း)၊အကျဉ်းဦးစီးဌာန
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးမြ–ဒေါ်သန်း) တို့၏သမီး၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၂)ရပ်ကွက်၊လမ်း၂၀၊ အိမ်အမှတ် ၄၃၈ နေ ဦးဌေးလှိုင်၏ ဇနီး၊ Dr. မိုးလှိုင် (သွားခံတွင်းဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့)–ဒေါ်ယုယုဝင်း(Maxအချိုရည်စက်ရုံ)တို့၏မိခင်၊ မခိုင်ရွှေစင်မိုး၏အဘွား၊ (ဦးသိန်းဌေး–ဒေါ်တင်တင်မြ)၊ ဦးသန်းစိန်–ဒေါ်ခင်ခင်မြ၊ ဦးမောင်မောင်ကြီး–ဒေါ်သင်းသင်းမော်တို့၏ ညီမ၊ ဦးသိန်းလှညို– (ဒေါ်ခိုင်ခိုင်လင်း)၊ ဦးမြသောင်းတို့၏အစ်မ၊ Dr.ဇော်ဌေး–ဒေါ်ခင်စန်းရီ၊ တူတူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၆–၃–၂၀၀၄ရက်(စနေနေ့) နံနက်၆နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ဂင်ကြူ (မြိတ်)
သဒ္ဓမ္မရံသီရိပ်သာယောဂီ
အသက်(၆၅)နှစ်

မြိတ်မြို့နေ(ဦးတူးဝါ–ဒေါ်အုန်းတင်) တို့၏ သမီး၊ ဦးဘန်ဟို(ခ)ဦးသန်းလွင်–ဒေါ်ရှုကြည်တို့၏ ညီမ၊ဦးဘန်စုံ(ခ)ဦးအောင်လှိုင်–(ဒေါ်အမာ)၊ဦးစောနောင်–ဒေါ်ခင်မမ၊ ဦးသိန်းထွင့်–ဒေါ်ဂင်လွမ်(ခ)ဒေါ်လေးဖြူ၊ ဦးရဲထွဋ်ဘွား–ဒေါ်ရှင်ရှင်ဆွေ တို့၏အစ်မသည် ၆–၃–၂၀၀၄ရက် (စနေနေ့)တွင် ရန်ကုန်မြို့၊ တိုက် ၁၅၊ အခန်း ၁၀၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ် နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၈–၃–၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်နှင့် မြိတ်အသင်းမှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု။

ဒေါ်မြမြသန်း
အသက်(၅၂)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့နေ ဦးဆိုင်ထီးအိုး–ဒေါ်ငွေသိန်း တို့၏သမီးချွေးမ၊ (ဦးကျော်စိန်–ဒေါ်အုန်းတင်) တို့၏ သမီး၊ ဦးကျော်သိန်း–(ဒေါ်ညွန့်ကြည်)၊ ဦးမြင့်ဆန်း၊ (ဒေါ်ဆန်းရီ) တို့၏ညီမ၊ ရဲတပ်ကြပ်ကင်မင်း (အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ဦးစီး၊ လုံ/ထောက်ဌာန)၏ဇနီး၊ မောင်လှမင်းထက်၊ မဖြူဖြူခိုင်၊ မောင်ညီမင်းထက် တို့၏မိခင်သည် ရန်ကုန်ဆေးရုံကြီးတွင် ၇–၃–၂၀၀၄ ရက် ၀၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [လမ်းမတော်မြို့နယ်၊ (၉) ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ တိုက်၂၊ အခန်း ၆၊ ကီလီရဲရိပ်သာနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးထွန်းရင်
အသက်(၇၈)နှစ်

တောင်ကြီးမြို့၊ ရွှေတောင်ရပ်၊ မြို့ပတ်လမ်း မ/၉နေ ဒေါ်မြလုံး၏ ခင်ပွန်း၊ ကိုထွန်းဝင်း–မအေးစန်း၊ မခင်ဝင်းရွှေ၊ (ကိုတင်ဝင်း–မခင် ဝင်းမြင့်)၊ ကိုစိန်ဝင်း၏ဖခင်၊ မောင်ဇော်ဝင်း၊ မသက်သက်အောင်၊ မောင်မောင်ကျော်တို့၏ အဘိုးသည် ၆–၃–၂၀၀၄ ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၈–၃–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါ နေအိမ်မှ တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပါမောက္ခဦးခင်မောင်လတ်
ပါမောက္ခ/ဌာနမှူး(ငြိမ်း) သွားတုဆေးပညာဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်
အသက်(၆၄)နှစ်

ညောင်ရွှေမြို့ (ဦးနေဝင်း–ဒေါ်ချစ်ရီ) တို့၏သား၊ ဒေါက်တာဦးခင်မောင်ကြီး–ဒေါ်စန်းစန်းသီ တို့၏ညီ၊ အမှတ် (၃၅–ဆ/ဘီ) မြစပယ်ရိပ်သာလမ်း၊ ပါရမီနေ ပါမောက္ခ ဒေါ်ဌေးဌေး၏ ခင်ပွန်းသည် ၆–၃–၂၀၀၄ ရက် ည ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၃–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်တွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းဝေ
(မကွေး)
(ထွေ/အုပ်ဦးစီးအရာရှိငြိမ်း)
အသက်(၆၃)နှစ်

မကွေးမြို့နေ (ဦးဘိုးစီ–ဒေါ်ဖွားသန်း) တို့၏သား၊ စစ်ကိုင်းမြို့၊နန္ဒဝန်ကွက်သစ်နေ (ဦးခင်မောင်လေး–ဒေါ်ခင်မေ)တို့၏ သားသမက်၊ လှိုင်မြို့နယ်၊(၅)ရပ်ကွက်၊ အေးရိပ်မွန်၉လမ်း၊တိုက်၅၊အခန်း၀၀၈ နေ ဒေါ်ခင်မာလာ(အထက်တန်းရှေ့နေ)၏ခင်ပွန်း၊ မောင်ဝေမျိုးဦး၊ မသဲမာဝေ၊ မောင်ဝေမျိုးထွေးတို့၏ဖခင်သည် ၇–၃–၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက်၄:၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၁–၃–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ် မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းရီ
(Betty Mya)B.A
စိန့်ဖရန့်စစ်ကျောင်းသူဟောင်း ဦးစီးအရာရှိ(ငြိမ်း)၊ အကျဉ်းဦးစီးဌာန
အသက်(၆၃)နှစ်

ပုဂံမြို့သစ်၊ စိမ်းမြသီတာစတိုးနေ (ဦးမောင်မောင်ရီ) – ဒေါ်ရင်ရင်စိုး၊ ရန်ကုန်မြို့နေ ဦးဆန်းဒေး–ဒေါ်သန်းသန်းစိုး၊ ဦးဇော်မင်း–ဒေါ်ဝင်းဝင်းမြင့်တို့၏ညီမ၊ တူ တူမကိုးယောက်တို့၏ အဒေါ်၊ မြေးတစ်ယောက်၏ အဘွားသည် ၆–၃–၂၀၀၄ရက် နံနက်၆နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆–၃–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်
(မြေနီကုန်း)
အသက်(၅၄)နှစ်

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရန်ကင်းလမ်း၊ အမှတ် ၁၆နေ(ဦးစိုးပိုင်–ဒေါ်စန်းမြင့်)တို့၏စတုတ္ထသား၊စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်နေ (ဦးအောင်ဘ–ဒေါ်အေး)တို့၏သားသမက်၊တိုက်အမှတ် ၃၊ အခန်း ၁၀၁၊ ဒဂုံကုန်းအိမ်ရာ၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်ခင်တိုး (မန်နေဂျာ၊မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း) ၏ခင်ပွန်း၊ မောင်ခိုင်စိုးအောင်၊ မောင်သန်းထိုက်အောင်တို့၏ဖခင်သည် ၄–၃–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂:၂၅ နာရီတွင် အင်းစိန် ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈–၃–၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နွဲ့ (ကံမ)
ဒု–မြို့နယ်ဦးစီးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တိုက်၇၊ အခန်း၂၂၊ လမ်းသစ်ရိပ်သာနေ (ဦးလှညွန့် အထူးအရာရှိ W.H.O)၏ဇနီး၊ ဒေါ်တင်တင်ဝင်း(စာရင်းစစ်ချုပ်ရုံး၊ငြိမ်း)၊ ဦးအောင်မျိုး(သုတေသနအရာရှိ ဆေးသုတေသနဦးစီးဌာန)၊ (ဦးကြည်ဝင်း)–ဒေါ်ခင်အေးခိုင်၊ ဦးကြည်လွင်(ဆေးသုတေသနဦးစီးဌာန)၊ ဒေါ်မှုယာသက်ထားတို့၏မိခင်၊ မမေဇင်ခိုင် (အထက–၂၊ လသာ) ၏ အဘွားသည် ၇–၃–၂၀၀၄ရက် နံနက် ၀၀:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉–၃–၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ပုလဲရင်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘာကျင်းရပ်ကွက်၊ အမှတ် ၁၁၂၊ ၉လမ်းနေ (ဦးကာလီမှုတူး)၊ (ဒေါ်အုန်းတင်)တို့၏ သမီးကြီး၊ (ဦးဝိုက်တီး) ၏ဇနီး၊ (ဦးကနေဆာ)–ဒေါ်သန်းတင်၊ ဒေါ်ပါပါသီး–ဦးရာဂျူး၊ ဒေါ်ကြင်–(ဦးစံဝင်း)၊ ဒေါ်ထွေး–ဦးဂိုပါ၊ ဦးကျော်ဝင်းမော် (B.Sc, H.G.P.,R.L တရားရုံးချုပ်ရှေ့နေ Star Trader Law Irm) တို့၏မိခင်၊ မြေး ၁၉ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၇–၃–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး ဂိုဏ်းပေါင်းစုံ ခရစ်ယာန်သင်္ချိုင်းတွင် အောက်မေ့ဖွယ် ဝတ်ပြု ကိုးကွယ်ခြင်းပြုပြီး ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ တန်ဆောင်း၊ရေကန်ဒါယကာကြီး
ဦးထွေးပို (မိုးကုတ်ယောဂီ)
အသက်(၇၀)

မန္တလေးမြို့၊ကျွဲဆယ်ကန်ရပ်၊မိုးကုတ်ဝိပဿနာမဂ်လာရိပ်သာ၊ အနန္တသစ္စာကျောင်းဆောင်နေ ဒေါ်အေးကြည်၏ ခင်ပွန်း၊ မန္တလေးမြို့၊ ၈၆ လမ်း၊ ၂၁ လမ်း x ၂၂ လမ်းကြားနေ ကိုတင်ဝင်း–မအောင်ကြည် (ပတ္တမြား သံနှင့် ဘီလပ်မြေရောင်းဝယ်ရေး)၊ရန်ကုန်မြို့၊စော်ဘွားကြီးကုန်းပွဲရုံဝင်းနေ ကိုတင်လုံး–မသန်းသန်းအေး(ဇော်ဝင်း သွပ်ပြားနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊မန္တလေးမြို့၊ ၂၄လမ်း၊ ၈၃ လမ်း x ၈၄ လမ်းကြားနေ ကိုပြုံး–မတင်မာဝင်း (ဇော်ဝင်း သွပ်ပြားနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊မန္တလေးမြို့၊ ၁၈လမ်း၊ ၈၆ လမ်းထောင့်နေ ကိုခင်မောင်မြင့်–မမြင့်မြင့်အေး (ရွှေပြည့်စုံ မိုးကုတ် လက်ဖက်)၊ ရန်ကုန်မြို့၊ စော်ဘွားကြီး ကုန်းပွဲရုံဝင်းနေ ကိုမြင့်ဌေး–မနီနီအောင်၊ ကိုမင်းနောင်–မချောစု၊ ကိုမင်းအောင်၊ ကိုမင်းမောင်–မခိုင်၊ ကိုမင်းသိန်း–မသူဇာ (ဇော်ဝင်း သွပ်ပြားနှင့်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းစု)တို့၏ ဖခင်၊မြေး ၁၆ ယောက်တို့၏အဘိုးသည် ၄–၃–၂၀၀၄ရက်(ကြာသပတေးနေ့) ည ၉:၄၅ နာရီတွင်ကွယ်လွန်သွားပါ သဖြင့် ၅–၃–၂၀၀၄ ရက် မွန်းလွဲ၂:၃၀ နာရီတွင် မန္တလေးမြို့ တောင်မြင့်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဇေယျာလွင်
(လဝက–၃၀၃၆)
(လဝကမှူး၊ ရခိုင်ပြည်နယ်ရုံး)
အသက်(၄၃)နှစ်

ရွှေပြည်သာမြို့၊ ၆/၁၃ ရပ်ကွက်၊ အမှတ် ၁၆/ခ၊ ပန်းဝါလမ်းနေ (ဦးတင်လွင်–ဒေါ်တင်ရီ)တို့၏သား၊ ဦးခင်မောင်ဟိုး၊ ဒေါ်စန္ဒာလွင် (တောင်ကြီးမြို့)၊ ဒေါ်သီတာလွင် (ကျောက်တံတား သ/မဦးစီး)၊ ဒေါ်နီလာလွင်တို့၏ မောင်၊ ဒေါ်သန္တာလွင် (ထ/၁ အင်းစိန်)၊ ဒေါ်သီဂီလွင်(ရန်ကုန်တိုင်း၊ လဝက)၊ ဒု–ရဲအုပ် တေဇာလွင် (ရန်ကုန်တိုင်း မှူးယစ်)၊ ဒေါ်နိုင်နိုင်(ထ/၃ ရွှေပြည်သာ) တို့၏ အစ်ကိုကြီးသည် ၄–၃–၂၀၀၄ ရက်တွင် စစ်တွေမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မြခင် (မန္တလေးမြို့)
အသက်(၈၅)နှစ်

(ဦးစု–ဒေါ်စကား)တို့၏သမီးထွေး၊ (သိက္ခာတော်ရဆရာတော်ဦးဘအုန်း၊ အထက် မြန်မာပြည်မက်သဒစ်အသင်းတော်၊ အငြိမ်းစားဂိုဏ်းထောက်ကြီး)၏ ဇနီး၊ သိက္ခာတော်ရဆရာတော် ဦးဒေးဗစ်စိုးတင့်–ဒေါ်ဘက်တီတင်ညွန့်(ရန်ကုန်)၊ (ဦးမောင်မောင်ခင်)–ဒေါ်စန်းစန်းအုန်း၊ ဦးစိုးမြင့်–ဒေါ်နီလာ၊ ဦးစိုးဆင့်–ဒေါ်အေးအေးသန်း၊ ဦးစိုးလှ–ဆရာမဒေါ်ခင်လှချစ်၊ ဦးတင်မောင်ထွေး–ဆရာမဒေါ်မြမြအုန်း၊ ဦးစိုးမြ–ဒေါ်ဖြူဖြူမင်းတို့၏ မိခင်၊ မြေး ၂၅ ယောက်တို့၏အဘွား၊ မြစ် ၃၈ ယောက်တို့၏အဘွားသည် ၆–၃–၂၀၀၄ ရက်(စနေနေ့) ည ၈:၃၅ နာရီတွင် စိတ္တရမဟီရပ်၊ ၂၇x၂၈လမ်း၊ ၇၅x၇၆ လမ်းကြား၊ဝယ်စလီခရစ်ယာန်ဝင်း နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ၂၆x၇၅ လမ်းထောင့်ရှိ မက်သဒစ်ဘုရားရှိခိုးကျောင်း၌ ဈာပနဝတ်ပြုဆုတောင်းပြီး ကြာနီကန်ခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဆေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြား သိစေအပ်ပါသည်။

ကျန်ရစ်သူသားသမီး၊မြေးမြစ်တစ်စု။

ဦးစံသိန်း(ခ)
ဦးတင်မောင်သိန်း
(မော်လမြိုင်မြို့)
အသက်(၇၃)နှစ်

မော်လမြိုင်မြို့၊ မောင်င်/ဆီဆုံရပ်နေ (ဦးဘရှိန်–ဒေါ်ငွေကျင်) တို့၏သား၊ (ဦးမောင်ကျော်–ဒေါ်မာမေ)တို့၏ တူ၊ ဓနုဖြူမြို့နေ ဦးကျော်သိန်း–ဒေါ်မိမိတို့၏ ညီမောင်၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးတင်အောင်–ဒေါ်ရွှေသိန်း၊ ဦးဟန်သိန်း–ဒေါ်မြင့်မြင့်ဝေ၊ ဦးလှသိန်း–(ဒေါ်နီနီမာ)တို့၏အစ်ကို၊ ဒလမြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၆/၅၂၉နေ(ဦးမောင်ကြည်)–ဒေါ်စောတို့၏ သားသမက်၊ ဒေါ်ဌေးဌေး၏ ခင်ပွန်း၊ ကိုတင်မောင်ထွန်း–မအေးစန္ဒာသိန်း၊ မစမ်းစန္ဒာသိန်း၊ မောင်သီဟသိန်းတို့၏ ဖခင်၊ မောင်ဝဏ္ဏဖြိုး၏အဘိုးသည် ၆–၃–၂၀၀၄ရက် (စနေနေ့)ည ၇:၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈–၃–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ဒလမြို့ သပြေကုန်းခနဲတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်သန်းနွဲ့(ခ)
ဒေါ်ဂိုရီဘရူးချား
အသက်(၇၀)

ရန်ကုန်မြို့ အမှတ် ၂၂၂၊ ၂၉ လမ်းနေ ဟာဂျီဦးကျော်စိန်(ပြည်တွင်းအခွန်၊ ငြိမ်း)၏ ဇနီး၊ မသန်းသန်းအေး၊ ကိုသက်ထွန်း–မဝင် နီ၊ မစမ်းစမ်းအေး–ကိုတင်ချို၊ ဟာဂျီကိုထွန်းထွန်း(ကိုရဲ)၊ မမိုးမိုးစမ်း–ကိုလှဌေး၊ မမိုးမိုးသန်း–ကိုမောင်မောင်မြင့်တို့၏ မိခင်၊ ဦးအောင်စိန်၊ (ဦးလှမြင့်)၊ ဦးစိုးမြင့်တို့၏ ညီမ/အစ်မ၊ မြေးကိုးယောက်တို့၏အဘွားသည် ၅–၃–၂၀၀၄ ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစ္စလာမ်မာအပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်ထွင့် B.A(Philo)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး
အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းညွန့်)–ဒေါ်မြသန်းတို့၏သားကြီး၊ (ဦးမောင်မောင်–ဒေါ်စောရီ) (ဝက်လက်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်အုန်း (မြို့နယ်ဦးစီးမှူး၊ မင်းကင်းမြို့နယ်၊ စာရင်းစစ်ရုံး)၏ခင်ပွန်း၊ မအိခိုင်ဇင်ထွင့်(ဂုဏ်ထူးတန်း IR)၊ မစုလှိုင်တင်ထွင့်(တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်) တို့၏ဖခင်သည် ၅–၃–၂၀၀၄ ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၃–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၅၀၂ နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၂၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၃၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

8-3 (19).p65 1 3/25/05, 9:05 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံအားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr.Sontaya Kunplome နှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

စာမျက်နှာ ၉ ကော်လံ ၆ ☼

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး Mr.Sontaya Kunplome နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

လမ်း၊တံတားများစံချိန်စံနှုန်းပြည့်မီရေး ပွင့်လင်းရာသီတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက် ရန်ကုန်ဆင်ခြေဖုံး မြို့ပတ်ရထားလမ်းတိုးချဲ့ရေး ဦးစားပေးအဆင့်သတ်မှတ်လုပ်ကိုင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများစစ်ဆေးမှာကြား



ရန်ကုန် မတ် ၇

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးသူရဦးသောင်းလွင်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းအတွင်းရှိ ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး–ညောင်လေးပင်လမ်းအပိုင်း ဆောင်ရွက်မှုအခြေအနေများနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ရန်ကုန်–ညောင်လေးပင်လမ်းပိုင်း ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ကမ္ဘာ တစ်လွှား ထူး ထူး ခြား ခြား

သိပ္ပံပညာရှင်များရေခဲတွင်မျော

အောက်ပုံသည် မြောက်ဝင်ရိုးစွန်းရှိ ဂရင်းလင်း ရေခဲပြင်ပေါ်တွင် ရုရှားမိုးလေဝသဆိုင်ရာ သုတေသန စခန်း ၃၂ခု တည်ရှိရာ နေရာဖြစ်သည်။

ယခုတစ်ပတ်အတွင်း အဆိုပါ မိုးလေဝသသိပ္ပံ ပညာရှင်များတည်ရှိရာ စခန်းသည် ရေခဲပြင်များ ရုတ်တရက်ပျော်ကျမှုကြောင့် နစ်မြုပ်လျက်ရှိသည်။ ယင်းကဲ့သို့ ရေခဲများပျော်ကျနေသဖြင့် သိပ္ပံပညာရှင် ၁၂ဦးကို ရဟတ်ယာဉ်ဖြင့်ကယ်ဆယ်ရန် စီစဉ်လျက် ရှိကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**



ထောက်လှမ်းရေးလေယာဉ်ငယ် တည်ဆောက်ရန်ပျားကိုလေ့လာ

အပေါ်ပုံသည် ပျားအုံတစ်အုံ၌ လုပ်သားပျားများကို တွေ့ရခြင်းဖြစ်သည်။ အဆိုပါ ပျားကောင်များ၏ ပျံသန်းပုံ ပျံသန်းနည်းများကို ကြည့်၍ စစ်ရေးနှင့် စက်မှုထောက်လှမ်းရေး လေယာဉ်ငယ်လေးတစ်စင်း တည်ဆောက်နိုင် မဆောက်နိုင်ကို လေ့လာနေဆဲဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက ပြောဆိုသည်။ **(အေအက်ဖ်ပီ)**

အကြီးဆုံးနက္ခတ်တာရာကြည့်စခန်း

တောင်အာဖရိကနိုင်ငံမိုးနည်းသော ကာရုဒေသရှိ ဆူတာလင်းမြို့၌ တောင်အာဖရိကနိုင်ငံ၏ အကြီးဆုံး နက္ခတ်တာရာကြည့်စခန်းကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါ နက္ခတ်တာရာကြည့်စခန်းမှ သာမန်မျက်စိဖြင့်ကြည့်လျှင် မှိန်မှိန်သာမြင်ရမည့် ကြယ်တာရာများနှင့် ကြယ်စုများကို ကြည့်ရှုလေ့လာနိုင် မည်ဖြစ်သည်။ **(ရိုက်တာ)**

တာဝန်ရှိသူများကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးအတိုင်း ထွက်ခွာလာကြရာ ပဲခူးတိုင်းအဝင် ဝမ်းဘောဒတ်တံတားအနီး၌ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁** ❋

ယနေ့ထုတ်ဆောင်ရေ ၂၀၀၄၁၉